ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္လာနေ့ (6-2-2012) (၇၀၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ရောဝတီတံတား(စင်းခန်း)သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံအမြောက်အမြားထဲမှ အရေးကြီးသည့်တစ်ခု ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြစ်

ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ လူမှုဘဝအဆင့်အတန်းမြင့်မားလာစေမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် (၁၁)စင်းမြောက် တည်ဆောက်ပြီးစီးသည့် ရောဝတီတံတား(စင်းခန်း)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားတည်ရှိရာ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး စင်းခန်းဘက်ခြမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တံတားဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ရပ်မိရပ်ဖများ၊ ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်နှင့် ရွှေကူမြို့နယ်တို့မှ ဒေသခံပြည်သူများ၊ ဇေယျာဦး မင်္ဂလာစည်တော်အဖွဲ့၊ စစ်ကိုင်းမိုးဇာခြောအဖွဲ့၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား (စင်းခန်း)ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (ယာပုံ) နှင့် **၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် (၁၁)စင်းမြောက် တည်ဆောက်ပြီးစီးသည့် ရောဝတီတံတား (စင်းခန်း)ကို တွေ့ရစဉ်။** (အောက်ပုံ)

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၆-၂-၂၀၁၂[တနင်္လာနေ့]။

ထာဝရဥစ္စာခန

လူ့ဘဝဆိုသည်မှာ ဆင်းရဲဒုက္ခအပေါင်းနှင့်ပြည့်နှက်လျက်ရှိသည်ဆိုပါက မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ ဤလူ့ဘုံသည် ဒုက္ခဘုံကြီးသာဖြစ်ကြောင်း ဗုဒ္ဓဘာသာတရားများ၌ လေးနက်စွာ ညွှန်းဆိုဖော်ပြထားသည်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့သည် ဒုက္ခဘုံကြီးအတွင်း၌သာ ကျင်လည်နေရမည်လော။ ရပ်တည်နေနိုင်ကြမည်လော။

လောကုတ္တရာအလိုအရမူ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်သို့ရည်သန် ခရီးလျှောက်ရင်း ကောင်းသောအကျင့်အကြံများကို ပွားများအားထုတ်ခြင်းဖြင့် ရှာကြသည်။ လောကီအလိုအရမူ ဒုက္ခဆင်းရဲ အပေါင်းမှ လျော့ပါးရာ၊ လွတ်မြောက်ရာနည်းကောင်း၊ လမ်းကောင်း၊ အကြံဉာဏ်ကောင်းများ၊ အကူအညီကောင်းများဖြင့် လွတ်လမ်းကို မျှော်လင့်တတ်ကြသည်။

ဘာသာရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း လွတ်မြောက်ရာလွတ်မြောက်ကြောင်း နည်းလမ်းကောင်းများ၊ အကူအညီကောင်းများပေးကြ၏။ သို့သော် ပေးပင်ပေးငြားသော်လည်း ပေးသည့် ရည်မှန်းချက်အတိုင်း ဖြစ်သည့်သူမှာ နည်းလှသည်။ ပေးကားပေး၏မရဆိုသည်မှာ ပေးသည့်အတိုင်း ရည်မှန်းချက်သို့ မရောက်ခြင်းဖြစ်၏။ မည်သို့မည်မျှပင်ပေးပေး **“အတ္တာဟိ အတ္တနောနာထော”** မိမိကိုယ်သာ ကိုးကွယ်ရာ၊ အားထားရာသာ အမှန်ဖြစ်၍ ကိုယ်တိုင်မကျင့်ကြံသမျှ ပေးကားပေး၏မရ ဖြစ်ကြပေလိမ့်မည်။

လောက၌ “ပညာရွှေအိုး လူမခိုး”ဟု ဆိုထားသည်။ စည်းစိမ်ဥစ္စာသည် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်တတ်ပြီး အသိပညာ၊ အတတ်ပညာသည် ထာဝရ မပျက်စီးသော ရတနာဖြစ်သည်။ ထို့ကြောင့် ပညာရွှေအိုး လူမခိုးဟု ဆိုခြင်း ဖြစ်၏။ ဖော်ပြပါဆင်းရဲခြင်းတို့နှင့် ပြည့်စုံနေသူများမှာ လူအများစု ဖြစ်၏။ ကြာရှည်လေမြင့် ဆင်းရဲနေသူများဖြစ်၏။ အသိပညာ၊ အတတ်ပညာမရှိ၍ ဆင်းရဲ၊ ဆင်းရဲ၍ အသိပညာ၊ အတတ်ပညာမရှိ သံသရာလည်နေ၏။

ထိုသူတို့ကို အသိပညာ၊ အတတ်ပညာတည်းဟူသော ဥစ္စာပေးလျှင် ထာဝရတည်တံ့မည်ဖြစ်၏။ သို့သော် တဒင်္ဂတော့မရ။ သဘာဝအရဖြင့် လူတို့ အလိုမှာ လတ်တလောအပူကိုပြေချင်၏။ ဥစ္စာမှန်လျှင် မည်သူမျှ မလိုချင်မရှိ။ သို့သော် ကြွက်သေတစ်ခု အရင်းပြုသူကတော့ ရှားလိမ့်မည်။ ထို့ကြောင့် ပညာဥစ္စာအမွေပေးဖို့ဖြင့် ရှာကြံကြရမည်။ နဂိုက အသိဉာဏ် အခံမကြွယ်သူကို ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါဟုပြော၍မရ။ ငယ်စဉ်ကလိုပင် စာလုံးလေး လှလှရေးဖို့ လက်ထပ်သင်ပေးဖို့တော့ လိုချင်လိုမည်။

ယူသူမှာလည်း ဘဝ၏လွတ်မြောက်မှုအတွက် လိုချင်သည့်ဆန္ဒနှင့် လုံ့လ ဝီရိယတော့စိုက်ဖို့လိုမည်။ ပေးသူကလည်း အိတ်သွန်ဖာမှောက် အလိုသို့ ရောက်အောင် အပြီးတိုင်ဆောင်ရွက်ပေးဖို့လိုမည်။ ကျွန်ုပ်တို့မြန်မာများမှာ ခေသူ မဟုတ်ပါ။ ခေသူမဟုတ် ဆင်းရဲသူများအတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးလုပ်ငန်းအစီအစဉ်မူဘောင်(၂၀၀၄-၂၀၁၀)နှင့် မြန်မာနိုင်ငံ၏လုပ်ငန်းစဉ်(၈)ရပ်တို့သည် အထောက်အကူပြုလုပ်ငန်းများဖြစ်သည်။

ရှေးရှေးက ကျွန်ုပ်တို့မြန်မာကြီးများမှာ ဘွဲ့ဒီဂရီလက်မှတ်မရှိဘဲ ဥရောပတိုက်သားများနှင့် ရင်ပေါင်တန်းကာ အတတ်ပညာ၊ အသိပညာများ ဆည်းပူးဖလှယ်ခဲ့ကြဖူးပါသည်။ ဘုန်းတော်ကြီးကျောင်းထွက်များတွင်လည်း စာတတ်ပေတတ်၊ အင်္ဂလိပ်စာတတ်၊ သူဌေး၊ သူကြွယ်ကြီးများလည်း ရှိဖူးပါ၏။ စိတ်ပျက်အားငယ်ဖွယ်မရှိ၊ ဆန္ဒအဓိပတိဖြစ်ဖို့တော့လိုပါ၏။ ပါရမီ အခံရှိရမည်မှာလည်း အမှန်ဖြစ်ပါ၏။ မည်သို့ပင်ဆိုဆို ဆယ်ခွက်တစ်ခွက်တင် အကျန်ဖြစ်လျှင် အမြတ်ပင်ဖြစ်ပါ၏။

မျက်မှောက်ကာလ အလုပ်အကိုင်ရရှိမှုကို မျှော်မှန်း၍ လက်မှတ်ရ လေ့လာသင်ယူမှုတွင် အသုံးမတွင်လှသည်ကို လက်တွေ့နယ်ပယ်၌ တွေ့ရတတ်၏။ ထို့ကြောင့် လက်မှတ်မပါ လိုချင်သူကို လိုလိုချင်ချင် ပေးလိုက်ရသည်မှာပင် တန်ဖိုးရှိလှ၏။ လက်မှတ်မရ အတတ်ပညာရှင်များကို ခယောင်းတောထဲမှ မွေးထုတ်ရန်ဖြစ်၏။

သို့ဖြစ်ရာ အများအကျိုးကိုရွက်သယ်ပိုးကြသည့် အမျိုးကောင်းသားများ အနေဖြင့် ဆင်းရဲသူများအား တဒင်္ဂလွတ်မြောက်ရေးကို ဖန်တီးပေးကြရုံမက ထာဝရလွတ်မြောက်ရေးဖြစ်သော ကာလဒေသနှင့် ကိုက်ညီသည့် အတတ်ပညာတည်းဟူသော ဥစ္စာများဖြင့် ဆင်းရဲတွင်းများမှ လွတ်ကင်းအောင် လမ်းပြဆောင်ကာပို့ဆောင်မည့် ထာဝရချမ်းသာရေးနည်းလမ်းကောင်းများကို ဝိုင်းဝန်းကြံဆ လုပ်ဆောင်ပေးပို့သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၏ စံနှုန်းနှင့်အညီ တိုးမြှင့်ပြုပြင်

နေပြည်တော် ဖေဖော်ဝါရီ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာနေရာ၌ ခရီးသည်များသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပြည်ပသို့ ပြန်လည်ထွက်ခွာမည့် ဗီဇာသက်တမ်း ကျော်လွန်နေသည့် နိုင်ငံခြားသားများက ရက်လွန်ကြေးပေးဆောင်နေမှုများနှင့် ပြည်ပထွက်ခွာမည့် ခရီးသည်များအား ဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း ပြည်ပခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဝင်/ထွက်မှု ကိစ္စရပ်များ အဆင်ပြေချောမွေ့မှု ဖြည့်ဆည်းဆောင်ရွက်ပေးလိုသည့် ကိစ္စရပ်များနှင့် လုပ်ငန်းလိုအပ်ချက် အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာနေရာ၌ ခရီးသည်များ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် လေဆိပ်ခန်းမ၌ ရေ၊ လေကြီးကြပ်ဌာနစုမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်မှု အခြေအနေများ၊ နည်းပညာကျွမ်းကျင်မှု၊ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ကျွမ်းကျင်မှု အခြေအနေများကို မေးမြန်းပြီး မိမိဝန်ကြီးဌာနအနေဖြင့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရ ပြောင်းလဲရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ (ICAO)၏ စံနှုန်းနှင့်အညီဖြစ်စေရေးအတွက် တိုးမြှင့်ပြုပြင်ဆောင်ရွက်ကြရေး၊ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ရေးနှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့အတွက် စနစ်တကျဂရုပြုကြီးပမ်းဆောင်ရွက်ကြရေး၊ နည်းပညာနှင့် ဘာသာစကားကျွမ်းကျင်ရေးအတွက် အစဉ်လေ့ကျင့်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ရေ၊ လေကြီးကြပ်ဌာနစုမှ အရာရှိများအား ထပ်မံတွေ့ဆုံရာ ဌာနစုတာဝန်ခံက ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက်နေရာများ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများ၊ လမ်းညွှန်ဆိုင်းဘုတ်များ တိုးချဲ့ဆောင်ရွက်ပြီးစီးမှု၊ ရေယာဉ်/လေယာဉ်များ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်မှုနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ နားနေဆောင်နှင့် ပြည်ပဆိုက်ရောက်နေရာ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဆောင်ရွက်မည့်လုပ်ငန်းများ၊ အခြားဆက်စပ်ဌာနများ၏ စစ်ဆေးရေးကောင်တာ အခြေအနေများနှင့် လေဆိပ်တာဝန်ကျ အမျိုးသားဝန်ထမ်းများ၏ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြတ်ဗုဒ္ဓ၏ဓာတ်တော်မြတ် ပင့်ဆောင်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ရာဇဂြိုဟ်မြို့မှ ဗုဒ္ဓမြတ်စွာ၏ဓာတ်တော်ကို အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ မိဂဒါဝုန်(စရဏာတ်)မဇ္ဈိမသုခဆရာတော် ဘဒ္ဒန္တဒေါက်တာနန္ဒဝံသ၊ ပင်းဘောဆရာတော် ဘဒ္ဒန္တဒေါက်တာကောဝိဒ၊ မဇ္ဈိမမနောသုခဆရာတော် ဘဒ္ဒန္တဒေါက်တာပညာဓဇ အရှင်မြတ်များက လေယာဉ်ခရီးဖြင့် ပင့်ဆောင်ပူဇော်လာခဲ့ရာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မင်းခေါင်ဘုရားလမ်း ဝင်ဒါမီယာ အမှတ် (၇၃/၇၄)နေ ဦးမျိုးဆွေ-သီရိသုဓမ္မသိင်္ဂီ မဇ္ဈိမသံဃမာတာဒေါ်မြရှင် မိသားစုတို့၏ သိရီမင်္ဂလာအိမ်ဂေဟာ၌ သုံးရက်တိုင်တိုင် ကိန်းဝပ်စံပယ်အပူဇော်ခံကာ ၎င်းဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသ၌ သာသနာနှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဓမ္မခကုန်းတော်၌ ဓမ္မရာဇိက စေတီတော်မြတ်အတွင်း တည်ထားပူဇော်ရန် ရန်ကုန်လေဆိပ်မှ မြစ်ကြီးနားလေဆိပ်သို့ ဖေဖော်ဝါရီ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပင့်ဆောင်ပူဇော်မည်ဖြစ်ရာ ရဟန်းရှင်လူ မည်သူမဆို ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွဲ့စည်းတည်ထောင်ထားသော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့သို့ သရုပ်ဆောင် သက်မွန်မြင့် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းထိုက်ဦး လက်ခံစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်နေ လူမှုထူးချွန်ပထမအဆင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် တပ်ဆင်မည့်ဓာတ်လှေကားအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၇း၂၀ ၂။ ဓမ္မပူဇာတေး
၇း၂၅ ၃။ မျိုးချစ်တပ်မတော်
၇း၃၀ ၄။ အေးချမ်းသာယာပြည်မြန်မာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၅း၀၀ ၂။ လျှပ်တစ်ပြက်
၅း၀၅ ၃။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၇၇)**
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
၇း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၁၃)**
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၉။ Talk of The Town
၁၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၈)**
၁၂။ Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၇၀၀	၀. ၀၃၂၃၉
တရုတ် (ယွမ်)	၆. ၃၀၆၄၀	၀. ၁၅၈၅၇
အိန္ဒိယ (ရူပီး)	၄၈. ၆၀၅၀	၀. ၀၂၀၅၇
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၀၀	၀. ၃၃၂၂၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၂၀၀	၀. ၈၀၅၁၅
ဂျပန် (ယန်း)	၇၆. ၅၇၅၀	၀. ၀၁၃၀၆
တောင်ကိုရီးယား(ဝမ်)	၁၁၁၅. ၁၀	၀. ၀၀၀၉၀
ယူရို	၀. ၇၆၀၄၅	၁. ၃၁၅၀၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၁၅	၁. ၅၈၁၉၀

အင်တာနက်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားကာ အလှူငွေများ ပေးအပ်ပြီး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသားဖွားခန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် နာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့်တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အလှူရှင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြတ်ငွေက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစု ဝင်ငွေ တိုးရေး၊ သက်ကြီးရွယ်အိုများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင်များက မိမိတို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြဆွေးနွေးကြရာ ဒုတိယသမ္မတ၏ ဇနီး ဒေါ်နန်းရွှေမှုန်က ချီးကျူးအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီး ဒေါ်နန်းရွှေမှုန်က မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွက် အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ အာဟာရ ကျွေးမွေးရေးလုပ်ငန်းများ အတွက် ဦးကျော်ကျော်ဝင်း-ဒေါ်မေရင် (နယူးစတားလိုက်ကုမ္ပဏီ) မိသားစုက အလှူငွေ ကျပ် ၁၀ သိန်းနှင့် ဦးအိုက်မောင်-ဒေါ်နန်းအေးတင် (နှင်းတောင်ဆေးဖျန်းပုံး) မိသားစုက အလှူငွေကျပ် ငါးသိန်း အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေက လက်ခံရယူပြီး ကျေးဇူး တင်စကား ပြန်လည်ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီးနှင့် အဖွဲ့သည် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ကလေးငယ် များအား ဖြည့်စွက်အာဟာရကျွေးမွေး နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အသင်းဝင်များ၊ မိခင်များနှင့် ရင်သွေးငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ မွေးဖွားပြီး မိခင်များအား အနှီးပိတ်၊ လုံချည်နှင့် အာဟာရဖြည့်တင်းအစား အစာများ ထောက်ပံ့ပေးအပ်၍ မွေးကင်းစ ရင်သွေးကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက် မှုကို ကြည့်ရှုကာ လိုအပ်သည်များပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကလေးငယ်များအား ဖြည့်စွက်အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့၌ အားကစားနှင့် ပညာရေးပေါင်းစပ်လုပ်ငန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အတွက် အားကစားနှင့် ပညာရေး ပေါင်းစပ်လုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ**(အောက်ပုံ)** အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဌာနခွဲညွှန်ကြားရေးမှူး ဦးတင်မောင်ရီက အားကစားနှင့်ပညာရေး ပေါင်းစပ်အကောင်အထည်ဖော်ရေးလုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ကျောက်ဆည် တက္ကသိုလ်တို့မှ အားကစားတာဝန်ခံများ၊ မန္တလေးခရိုင်အတွင်းမြို့နယ် ခုနစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ကြီးများ၊ ကာယတာဝန်ခံ ဆရာ ဆရာမ များက မိမိတို့တက္ကသိုလ်နှင့် ကျောင်းများ အလိုက် အားကစားလေ့ကျင့်ဆောင်ရွက် နိုင်မည့် အားကစားကွင်း၊ အားကစား ခန်းမများအခြေအနေတို့ကို ရှင်းလင်း တင်ပြကြပြီး အားကစားနှင့် ပညာရေး ပေါင်းစပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောင်မြေ သာစံမြို့နယ်မှ အမှတ်(၉)၊ (၁၁)၊ (၈)နှင့် (၁၇)၊ ချမ်းအေးသာစံမြို့နယ်မှ အမှတ် (၁၄)နှင့် အမှတ်(၂)၊ ချမ်းမြသာစည် မြို့နယ်မှ အမှတ်(၂၆)၊ ပြည်ကြီးတံခွန် မြို့နယ်မှ အမှတ်(၂၇)နှင့် မဟာအောင်မြေ မြို့နယ်မှ အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်းတို့ကို သတ်မှတ်ရွေးချယ် ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း နဝမအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ သဘာပတိ ဒေါက်တာတင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းဥက္ကဋ္ဌ ဦးမင်းစိန်**(အောက်ပုံ)**က နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးစိုးမင်းအောင်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်း ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

(၅၆)နှစ်မြောက် နတ်တလင်းမြို့နယ် အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက်က ရွှေတိဂုံ ဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင် ခမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ (၇၅)နှစ်အထက် သက်ကြီး ၇၁ ဦးအား ဝတ္ထုပစ္စည်းများဖြင့် ကန်တော့ကြသည်။ ဆက်လက်၍ နိုင်ငံတော်က ချီးမြှင့်သည့် သီရိပျံချီ ဘွဲ့တံဆိပ်ရ အသင်းနာယကဝန်ကြီး ဗိုလ်မှူးချုပ်အောဘယ်(လ်)(ငြိမ်း)၊ သီရိပျံချီ ဘွဲ့တံဆိပ်ရ အသင်းနာယကဝန်ကြီး ဦးအုန်းကျော်(ငြိမ်း)၊ ဝဏ္ဏကျော်ထင် ဘွဲ့တံဆိပ်ရ အသင်းနာယက ဒုတိယ ဝန်ကြီး ဦးမြင့်သိန်း(ငြိမ်း)၊ ၂၀၁၀ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပဒေသာဘာသာရပ် ဆုရ အသင်းနာယက စာရေးဆရာ ဦးပြည့်စုံ၊ အာဆီယံအင်ဂျင်နီယာအသင်း များအဖွဲ့ချုပ် AFEO မှ ချီးမြှင့်သည့် AFEO HONORARY MEMBER-SHIP ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရ အသင်း အလုပ်အမှုဆောင်အမှတ်(၂) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့်(ငြိမ်း)တို့အား အသင်းမှ ထပ်ဆင့်ဂုဏ်ပြုကြသည်။

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပြီး သင်းလုံးကျွတ်အစည်းအဝေးကို ကျင်းပရာ ဥက္ကဋ္ဌ ဦးလှသန်း၊ အတွင်းရေးမှူး ဦးဝင်းအောင်တို့ပါဝင်သော အမှုဆောင် အဖွဲ့အား ရွေးချယ်ခဲ့ကြကြောင်း သိရ သည်။ (ကြေးမုံ)

ဇန်နဝါရီ ၁၉ ရက်က ကျင်းပသော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အလက (၃)၊ အထက-၂ (ခွဲ)၏ မိဘဆရာ အသင်းနှစ်ပတ်လည် ပညာရည်ချွန်ဆု ပေးပွဲတွင် ဦးအေးလင်း-ဒေါ်စန္ဒာဝင်း (မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီ)မှ ICT အသုံးပြုသင်ကြားနိုင်ရေးအတွက် Computer နှင့် Colour Printer တစ်စုံကို လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန္ဒာဦး လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

✻ အန္တာတိကဒေသမှ

အခြေစိုက်စခန်းအား ဖေဖော်ဝါရီ ၇ ရက်နောက်ဆုံးထား၍ ရွှေ့ပြောင်းရတော့မည် ဖြစ်သည်။ သို့ရာတွင် အန္တာတိကရေခဲပြင်ဒေသ၌ တူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ရုရှားသိပ္ပံပညာရှင်အဖွဲ့နှင့် အဆက်အသွယ် မရသေးကြောင်းသိရသည်။

အန္တာတိကဒေသ၌ အပူချိန်သည် အနုတ် ၄၀ ဒီဂရီဖာရင်ဟိုက်အထိ တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်ရာ ပြင်းထန်သော အန္တာတိကဆောင်းရာသီနှင့် မရင်ဆိုင်ရမီ ရုရှားသိပ္ပံပညာရှင်များအနေဖြင့် ၎င်းတို့၏ သုတေသနလုပ်ငန်းခွင်အား စွန့်ခွာရန် အချိန် ရက်သတ္တတစ်ပတ်သာရှိတော့ကြောင်း သိရသည်။

လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အန္တာတိကဒေသ၌ ဆောင်းရာသီ ကျရောက်တော့မည်ဖြစ်ရာ ဗော့စတော့သုတေသနစခန်းသည် စံချိန်တင် ကမ္ဘာ့ အနိမ့်ဆုံးအပူချိန် အနုတ် ၈၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်နှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ဗော့စတော့ရေအိုင်ကြီးအား ရှာဖွေဖော်ထုတ်ရေးအတွက် တူးဖော်မှုများပြုလုပ် ရာတွင် ယင်းရေအိုင်ကြီးတည်ရှိသောနေရာသို့ ရောက်ရှိရန် ပေ ၄၀ မျှသာ လိုတော့ ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ **အင်တာနက်။**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၂ (တနင်္လာနေ့)
(၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုံဆရာတင်)
၇း၅၀ ၃။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၀၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၅ ၅။ အဆိုပြိုင်ပွဲ
၈း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅ ၇။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

၄း၃၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ အိမ်တွင်းစီးပွားအထူးပြုများ) (အိမ်တွင်းစီးပွား)
၄း၄၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၃။ "ဘဝသစ်ရဲ့ စာမျက်နှာ"
၅း၀၅ ၄။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၅။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
၅း၃၀ ၆။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၅၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်"(အပိုင်း-၂)
၇း၄၀ ၉။ "ရောဝတီအတွက် နောက်ထပ်တံတားတစ်စင်း" (အပိုင်း-၃)
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၂၃)
၁၃။ အိန္ဒိယရုပ်ရှင် "ဥယျာဉ်မှူးရဲ့ပန်းပျိုးလက်" (ဇာတ်သိမ်းပိုင်း)

❐ **ရှေ့ဖုံးမှ**

ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတံတား (စင်းခန်း)သည် မြစ်ကြီးဧရာဝတီကို ဖြတ်ကျော်တည်ဆောက်ထားသော (၁၁) စင်းမြောက် တံတားကြီးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်တွင်းပညာရှင်များ ဦးစီးတည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း။

ဧရာဝတီမြစ်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလယ်ကို ထက်ခြမ်းခွဲပြီး မြောက်ပိုင်းမှတောင်ပိုင်းထိ ဖြတ်သန်းစီးဆင်းနေသည့် မြစ်ကြီးဖြစ်ပြီး ရှေးပဝေသဏီကာလ ခေတ်အဆက်ဆက်ကတည်းက မြန်မာနိုင်ငံ၏ ပြည်သူများ အဓိကအားထားရာ ရေလမ်းကြောင်း ပို့ဆောင်ရေးလမ်းမကြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ဧရာဝတီမြစ်ကြီးကြောင့် မြစ်၏အရှေ့နှင့်အနောက် ဒေသနေပြည်သူများ လူမှုရေးကူးလူးဆက်ဆံမှုများမှာရော၊ စီးပွားရေးဆက်သွယ်မှုများမှာပါ အရှေ့ခြမ်းနှင့် အနောက်ခြမ်းဖြစ်အောင် ပိုင်းခြားထားသကဲ့သို့ ဖြစ်သည့်အတွက် နီးလျက်နှင့် ဝေးနေကြရသူများဖြစ်နေပြီး ယင်းအဖြစ်မှကျော်လွှားနိုင်အောင် နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် တံတားကြီးကို တည်ဆောက်ပေးထားခြင်းဖြစ်ပါကြောင်း။

ဤတံတားကြီးသည် ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ကားလမ်းနှင့် ရထားလမ်းနှစ်မျိုးစလုံးပါဝင်သော တံတားအမျိုးအစားဖြစ်သည့်အတွက် ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကအားထားနေရသော ဒေသခံပြည်သူများ အနေဖြင့် သွားရေးလာရေး ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

တံတားကြီး၏ တည်နေရာမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများ ဆုံတွေ့ကြရာဒေသတွင် တည်ဆောက်ပေးထားခြင်းဖြစ်သည့်အတွက် ဗန်းမော်ခရိုင်အတွင်းသာမက မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်း၊ အရှေ့နှင့် အနောက်တို့မှ ခရီးသွားများနှင့် ကုန်စည်များသည် တစ်နိုင်ငံလုံး ဖြန့်ကြက်ထားသော ကားလမ်း၊ ရထားလမ်း ကွန်ရက်များမှတစ်ဆင့် တစ်ပြည်လုံးကို စရိတ်သက်သက်သာသာ လျင်မြန်စွာဖြင့် ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဧရာဝတီတံတား (စင်းခန်း) ၏ ဗန်းမော်ဘက်ကမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ထို့အပြင် အရှေ့ဘက် အိမ်နီးချင်းနိုင်ငံကြီး၏ နယ်စပ်ဒေသ ဝင်ပေါက်၊ ထွက်ပေါက်များနှင့် နီးနီးကပ်ကပ် တည်ရှိနေသည့်အတွက် ယင်းနိုင်ငံကြီးနှင့် ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ခရီးသွားများ ဝင်ထွက်လည်ပတ်မှုများကို များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ် တောင့်တင်းခိုင်မာသော နိုင်ငံ အခြေခံအဆောက်အအုံ (Infrastructure) များ လိုအပ်ပါကြောင်း၊ ခေတ်မီရေလမ်း၊ ကုန်းလမ်းနှင့် လေကြောင်းပို့ဆောင်ရေး၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေး နည်းပညာ၊ သွက်လက်သော ငွေရေးကြေးရေး အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးအလုံအလောက်ရရှိမှု၊ ခြစားမှုကင်းရှင်းသည့် ရုံးပိုင်းဆိုင်ရာယန္တရားလည်ပတ်မှု၊ မျှတသည့် ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေ၊ တည်ငြိမ်အေးချမ်းမှုနှင့် အရည်အသွေးပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက်ရရှိရေး စသည်တို့ပါဝင်ကြပါကြောင်း။

ယခုဖွင့်လှစ်သည့် ဧရာဝတီတံတား (စင်းခန်း) မြစ်ကူးတံတားကြီးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ အမြောက်အမြားထဲမှ အရေးကြီးသည့် တစ်ခု ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားစေမည် ဖြစ်ပါကြောင်း။

ထို့ပြင် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ရေခြားမြေခြားဖြစ်နေကြသော ပြည်နယ်/ ပြည်မနေ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများ အားလုံးအတွက် ဤတံတား ဖွင့်လှစ်ပေးမှုကြောင့် ဝင်ထွက်သွားလာမှုများလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ပိုမိုယုံကြည် ချစ်ခင်ရင်းနှီးလာကြပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ပြည်သူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဤအချိန်ဤအခါတွင် လိုအပ်လှသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတွက် နိုင်ငံတော်အစိုးရအကြီးအကဲအနေဖြင့် ပြည်တွင်းပြည်ပပုဂ္ဂိုလ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ဆွေးနွေးပြီး ခေတ်နှင့် လိုက်လျောညီထွေမှုမရှိတော့သည့် အကန့်အသတ်များကို ဖြေလျှော့ပေးခြင်း၊ မတူညီသည်များဘေးဖယ်၊ တူညီသည်ကို ဦးစွာပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒပြုခြင်း၊ စီးပွားရေးဆိုင်ရာကန့်သတ်ချက်များ ဖယ်ရှားဖြေလျှော့ပေးခြင်း၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအကောင်အထည်ဖော်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဝန်ထမ်းများတိုးချဲ့ခန့်ထားခြင်း စသည်တို့ကို မှန်မှန်နှင့် ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ပြည်သူလူထုလူတန်းစားအသီးသီး၏ လူမှုဘဝဖွံ့ဖြိုးစေရေး ဆောင်ရွက်ချက်အစိတ်အပိုင်းတစ်ခုဖြစ်စေမည့် ဧရာဝတီတံတား(စင်းခန်း) မြစ်ကူးတံတားကြီး ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ဒေသအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ လူမှုဘဝအဆင့်အတန်းကို တိုးတက် မြင့်မားလာစေမည်ဖြစ်သည့်အပြင် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

ရွှေသံလွင်ကုမ္ပဏီလီမိတက်က ဧရာဝတီတံတား (စင်းခန်း)ကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအတွက် Sky Net ရုပ်သံဖမ်းစက် ၁၆ စုံကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဧရာဝတီတံတား (စင်းခန်း)ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ခရမ်းစိုးမြင့်)

ရောဝတီ တံတား (စင်းခန်း) ဖွင့်ပွဲ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရောဝတီတံတား (စင်းခန်း) ဖွင့်ပွဲ အခမ်းအနားတွင် အမှာ စကား ပြောကြားစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အတွင်းရှိ တိုင်းရင်းသားပြည်သူများသည် ဧရာဝတီမြစ်ကြီး တားဆီးနေသည့်အတွက် နီးလျက်နှင့် ဝေးနေခဲ့ရပါကြောင်း၊ ဒေသထွက်ကုန်များကိုလည်း ရောင်းဝယ်ဖောက်ကားမှုမပြုလုပ်နိုင်ဘဲ နယ်မြေဖွံ့ဖြိုးမှု နည်းပါးခဲ့ပါကြောင်း။

တံတားတည်ဆောက်ရေးစီမံကိန်းကို ၁၅-၆-၂၀၀၉ ရက်တွင် အရှိန်အဟုန်ဖြင့် တစ်ပြိုင်တည်း စတင်ဆောင်ရွက်ခဲ့ပြီး တံတားကြီးတစ်စင်းလုံးကို တည်ဆောက်ချိန်နှစ်နှစ် ခုနစ်လဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ တံတားကြီးသည် ဧရာဝတီမြစ်ကြီးပေါ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် (၁၂)စင်းမြောက်တံတားဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် (၁၁)စင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း။

တံတားကြီး၏ထူးခြားချက်မှာ သံမဏိသံပေါင်များကို ပြည်ပမှဝယ်ယူခြင်း မဟုတ်ဘဲ ပြည်တွင်းရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)ပိုင် စက်ရုံမှ အတတ်ပညာရှင်များဖြင့် ထုတ်လုပ်ခဲ့ခြင်း မိုးဆစ်တံတားတို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ကချင်ပြည်နယ်၏ ရေမြေသဘာဝ အခြေအနေသည် တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းနှင့် မြေပြန့်များပေါများသည့်အတွက် ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးသည် အရေးကြီးဆုံးကဏ္ဍ ဖြစ်ခဲ့ပါကြောင်း။

ဝေးလံခေါင်သီသကဲ့သို့ ဖြစ်နေသော နိုင်ငံတော်၏ မြောက်ဖျားဒေသများသည် အဓိကဆက်သွယ်ရေးလမ်းမကြီးများနှင့် တိုက်ရိုက်ထိတွေ့ ဆက်စပ်ခြင်းမရှိဘဲ အလှမ်းဝေးသောဒေသများ၊ ချောင်ကျသောဒေသများအဖြစ် နှစ်ကာလရှည်ကြာစွာ ဖြစ်တည်ခဲ့ရသည့်အတွက် ကားလမ်းနှင့် ရထားလမ်းများဖောက်လုပ်ရန် မစဉ်းစားခဲ့သည့်နေရာမျိုးအား နိုင်ငံတော်က အခက်အခဲအမျိုးမျိုးနှင့် စရိတ်အကုန်အကျခံကာ တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့်အတွက် သမိုင်းတွင်ရစ်မည့် တံတားတစ်စင်း ပေါ်ထွန်းလာခြင်း ဖြစ်ပါကြောင်း။

ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တံတားကြီး၏ ဗန်းမော်ဘက်ကမ်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များကလည်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တံတားကြီးကိုဖြတ်သန်းကြည့်ရှုကြပြီး ကသာဘက်ကမ်းရှိ မဂ်လာမုခ်ဦးသို့ ရောက်ရှိကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ တံတား

❍ စာမျက်နှာ ၄ မှ

ပြည်နယ်ပြည်မအကြား ဖွံ့ဖြိုးတိုးတက်မှု ဆူကြုံနိမ့်မြင့် ကွာဟချက်များလည်း နည်းပါးသွားစေမည်ဖြစ်ပြီး လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများလည်း အဘက်ဘက်မှ အထိုက်အလျောက် လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးဖြစ်ထွန်းစေမည့် ဧရာဝတီတံတား(စင်းခန်း) မြစ်ကူးတံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့် နိုင်ငံတော်၏စေတနာကို လေးစားတန်ဖိုးထား တုံ့ပြန်သည့်အနေဖြင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ဤဒေသမှာ ရာသက်ပန်နေထိုင်သွားကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ကြပါစေ၊ ဤဒေသ၏ သဘာဝ ထာဝရအလှများစွာတို့နှင့်အတူ ထာဝရငြိမ်းချမ်းရေးလည်း အမြန်ပေါ်ထွန်းလာပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆောက်လုပ်ပေးသည့်အတွက် ကချင်ပြည်နယ် ဗန်းမော်မြို့မှတစ်ဆင့် ကသာ-စစ်ကိုင်း-မန္တလေးမြို့သို့ ၃၂၂ မိုင်၊ ဗန်းမော်မြို့မှ နေပြည်တော်သို့ ၄၇၇ ဒသမ ၅ မိုင်၊ ဗန်းမော်မြို့မှ ရန်ကုန်မြို့သို့ ၇၀၇ ဒသမ ၅ မိုင်တို့ကို မီးရထားဖြင့် သွားလာနိုင်တော့မည် ဖြစ်သည့်အပြင် မည်ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ဤတံတားကြီးတွင် ကားလမ်းနှင့် ရထားလမ်းပူးတွဲပါဝင်ပြီး ရထားလမ်းပိုင်းအနေဖြင့် ကသာ-ဗန်းမော်လမ်းပိုင်း ၉၃ မိုင် ငါးဖာလုံကို ဖောက်လုပ်လျက်ရှိကာ မကြာမီအချိန်တွင် ကသာမှ ဗန်းမော်သို့ ရထားဖြင့် ဖြစ်ပါကြောင်း၊ တံတားကြီးတစ်စင်းလုံးကို ပြည်တွင်းတွင်ထုတ်လုပ်သော ပစ္စည်းများဖြင့် တည်ဆောက်ခဲ့ရာ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်၍ အထူးပင် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ယနေ့အထိ ဤစင်းခန်း

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းတို့ ကသာဘက်ကမ်း၌ ရောဝတီတံတား(စင်းခန်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တံတားကြီးကို ရထားလမ်းပါ ပူးတွဲတည်ဆောက်ဆဲဖြစ်သော မြစ်ကြီးနား-ဗန်းမော်-လားရှိုးမီးရထားလမ်း ပြီးစီးပါက ကချင်ပြည်နယ်မှ ရှမ်းပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်သွားလာနိုင်တော့ သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကသာမှမိုးတားကြီးအထိ ရထားလမ်း ၁၆ မိုင် လေးဖာလုံအပိုင်းကို ဖွင့်လှစ်ပြေးဆွဲလျက်ရှိပြီး မိုးတားကြီးမှ ကျောက်ကြီးအထိ မိုင် ၂၀ သုံးဖာလုံအား မကြာမီဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် တံတားကြီးအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၂ စင်း ထပ်မံတည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲ ပေ ၁၈၀ အထက် တံတားများအနေဖြင့် ပေ ၅၇၀ ရှိ မူလာရှီးဒီးတံတား၊ ပေ ၅၄၀ ရှိ ရပ်ဘော့တံတားနှင့် ပေ ၂၂၀ ရှိ တဆိတ်တံတားတို့ကို တည်ဆောက်လျက်ရှိပြီး ပေ ၈၄၀ ရှိ တဝမ်တံတား၊ ပေ ၇၂၀ ရှိ မချမ်းဘော့ တံတားနှင့် ပေ ၂၂၀ ရှိ

ဤစီမံကိန်းကြီး အောင်မြင်စွာဆောင်ရွက်ပြီး၍ ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်မှုပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်ပေးဆပ်သောအားဖြင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးကြပါ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်စင်းခန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူဦးထွန်းဝေက ကားရောရထားပါသွားလာနိုင်သည့် စင်းခန်းတံတားကြီး တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တံတားဖွင့်ပွဲ အခမ်းအနားကို ဗန်းမော်ဘက်ကမ်းရှိ မင်္ဂလာမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံတို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကသာဘက်ကမ်းရှိ တံတားမော်ကွန်း ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များကလည်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်ထားမှုကို လှည့်လည်ကြည့်ရှုပြီး တံတားစီမံကိန်းရုံးရပ်မှနေ၍ တံတားကြီးကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်က တံတားကြီးကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအတွက် Sky Net ရုပ်သံဖမ်းစက် ၁၆ စုံကို ပေးအပ်လှူဒါန်းသည်။

ဧရာဝတီတံတား (စင်းခန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တံတားကြီးမှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တို့ကို စင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ ဆက်သွယ်ပေးထားသည့် ကားရောရထားပါ သွားလာနိုင်သော တံတားကြီးဖြစ်သည်။

တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေရှိပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ငြိမ်းချမ်းခြင်းလက္ခဏာနှင့် ဖွံ့ဖြိုးတိုးတက်မှု

မြင့်လွင်
(ဂျပန်ဘာသာ)

ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မွန်ပြည်နယ် ရေးမြို့နယ်ရှိ အစင်ရွာကို စွန့်ခွာ၍ ရန်ကုန်မြို့တွင် ကျောင်းတက်ပညာသင်ရင်း အခြေချနေလာခဲ့ရာ ယခုဆိုလျှင် ရာစုနှစ်တစ်ဝက်သို့ပင် ရောက်ရှိနေပြီး မိမိပင် အသက်(၇၀)အရွယ်တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ မသေခင်တစ်ခါတစ်ခေါက်တော့ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်သင့်သည်ဟု တွေးမိသည်။ ရွာကခွဲခွာလာစဉ် ၁၉၅၀-၅၅ ခုနှစ်ဝန်းကျင်က မွန်ပြည်နယ် တစ်ခုလုံး နေ့လား ညလား မုပ္ပလင်အထုပ်ပြင်ဆိုသကဲ့သို့ မွန်သောင်းကျန်းသူက တစ်မျိုး၊ ကရင်သောင်းကျန်းသူက တစ်ဖုံနှင့် ပြည်သူတို့မှာ နေ့စဉ်နှင့်အမျှ ကျီးလန့်စာစားဖြစ်နေရသည့်အချိန်ဖြစ်သည့်အတွက် ပြည်သူတို့မှာ မိမိတို့လုပ်ငန်းရှိရာ ဥယျာဉ်ခြံမြေ၊ လယ်ယာသို့ မထွက်ရဲကြပေ။ ပြန်ပေးအဖမ်းခံရပါက အသက်မသေချင်ရင် မိမိရှိသမျှ စည်းစိမ်ကုန်ပြီသာမှတ်တော့။ ထိုစဉ်က နယ်မြေအခြေအနေကိုကြည့်လျှင် ရေးမြို့နယ်တွင် ရေးနှင့် အစင်ရွာတို့သာ သူပုန်တို့မစိုးမိုးနိုင်ဘဲ ကျန်ရေးနယ်အတွင်းရှိ ဒူးယား၊ အဘော်၊ ဟန်ကန်၊ ကလော၊ အံတင်နှင့် နံ့ စသည့်ရွာများဆိုလျှင် သူပုန်ခြေကုပ်ယူထားသောနေရာများ ဖြစ်လေသည်။ ထို့ကြောင့်လည်း ပြည်သူတို့မှာ တစ်ရွာမှတစ်ရွာ မသွားရဲ မလာရဲကြပေ။ ထိုအခြေအနေတွင် မိမိ၏ဖခင်သည် မိမိကို ရန်ကုန်ရှိ အစ်ကိုကြီးထံ မရောက်ရောက်အောင် ပို့လိုက်သဖြင့် ရန်ကုန်သို့ ရောက်လာရခြင်းဖြစ်သည်။

ရန်ကုန်တွင် ကျောင်းတက်နေစဉ်က ရန်ကုန်နှင့် ရွာကိုသွားရန် ပင်လယ်လမ်းခရီးတစ်ခုသာရှိသည့်အတွက် မကြာခဏဆိုသလို မိမိတို့နေထိုင်ရာသို့ လှေသားများရောက်လာလျှင် သတင်းထူးပါလာတတ်သည်။ ကရင်သူပုန်၊ မွန်သူပုန်တို့မှ ခွဲထွက်အုတ်ကြီး၊ အုတ်ကလေးဆိုပြီး သောင်းကျန်းသူ လက်ကျန်ရှိနေသေးကြောင်း သတင်းများ ကြားနေရပြန်သည်။

၁၉၆၀-၆၁-၆၂ ဝန်းကျင် ကိုးတန်းကျောင်းသားဘဝက ရွာကိုတစ်ခေါက် ပြန်ရပါသေးသည်။ ထိုအချိန်က မိခင်ကြီးဆုံးပြီးဖြစ်၍ အစ်ကိုကြီးပြန်လာပြီးနောက် မိမိကိုယ်တိုင် ရွာသို့တစ်ခေါက်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုအခါက ကားလမ်းမပေါက်သေးရာ ရထားဖြင့်သာ သွားရသည်။ ပင်လယ်ခရီးမှာလည်း ခရီးသည်တင်ခွင့်မရှိသဖြင့် ရထားကိုသာ အားကိုးရတော့သည်။ ရန်ကုန်ဘူတာကြီးမှ ရထားဖြင့် ထွက်လာရာ စစ်တောင်းတံတားမရှိသေးသဖြင့် စစ်တောင်းမြစ်အနောက်ဘက်ကမ်းတွင် ရထားလမ်းဆုံးသွားသည်။ စက်လှေဖြင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ရထားဆိုက်ရာနေရာသို့ ကူးရသည်။ ထိုမှ ရထားထွက်လာရာ မုတ္တမကမ်းနားသို့ ရောက်လာသည်။ မော်လမြိုင်ကို လှမ်းမြင်နေရသော်လည်း ရေစီးသန်သော သံလွင်မြစ်က ကာဆီးနေသဖြင့် လှေသမ္ဗန်ဖြင့် မော်လမြိုင်ဘက်ကမ်းသို့ ကူးပြီး မော်လမြိုင်ကမ်းနားမှတစ်ဆင့် ကားဖြင့် မုပွန်ဘူတာသို့ ရောက်၏။ မုပွန်ဘူတာမှ ရေးမြို့သို့ ခရီးဆက်ရပြန်သည်။ မုပွန်ဘူတာမှ ထွက်လာသောရထားသည် သံဖြူဇရပ်ဘူတာတွင် ရထားကို ကျောက်မီးသွေးမရသဖြင့် ထင်းမီးထိုးရလေသည်။ ထင်းမီးထိုးပြီး ရထားဆက်ထွက်လာသည့် နာရီဝက်တစ်နာရီလောက်အရောက်တွင် တောင်ကျော်တောင်ကုန်းတစ်နေရာကျော်ဖြတ်ရာ ရထားမီးပေါင်မပြည့်သဖြင့် နောက်ပြန်ဆုတ်လာရာ သံဖြူဇရပ်ဘူတာကိုပင် ပြန်ရောက်လာတော့သည်။ ထင်းဆက်ထိုးပြီး မီးအရှိန်ရတော့မှပင် ရထားပြန်ထွက်တော့သည်။ ထိုတောင်ကြားတွင် ရထားဖြည်းဖြည်းချင်းသွားသဖြင့် သောင်းကျန်းသူများက မကြာခဏ သေနတ်ဖြင့် ပစ်ခတ်တတ်လေသည်။ လမ်းဘေးတွင် ရထားတွဲနှစ်တွဲသုံးတွဲ သောင်းကျန်းသူတို့၏ မိုင်းကြောင့် တုံးလုံးလဲနေသည်ကိုတွေ့ရသဖြင့် ခရီးသည်များ ကျောချမ်းသွားရသည်။

ထိုတောင်ကြားမှတစ်ဆင့် တောင်ပုံရွာသို့ရောက်လျှင် ရထားခရီးလမ်းဆုံးသွားပြီဖြစ်သည်။ တောင်ပုံရွာမှတစ်ဆင့် ရေးမြို့သို့ ကားဖြင့် ခရီးဆက်ရပြန်သေးသည်။ ကားမှာ စစ်ကျန်ဘတ်စ်ဖို့ကားဖြစ်ပြီး သစ်သားဘော်ဒီဖြစ်သဖြင့် မိမိထက်အသက်ကြီးသော ကားဖြစ်နေသည်။ ကားပေါ်သို့ တက်ခါနီးတွင် "ကန်တော့၊ ကန်တော့"ဆိုပြီး ကားခေါင်မိုးပေါ် တက်စီးရသေးသည်။ မြေသားလမ်းကလည်းကျဉ်းပြီး ညီညီညာညာမရှိ။ လမ်းကို ကားက ခွပြီးမောင်းရသည်။ ဘယ်ဘက်ဘီးက ချိုင့်ထဲကျလျှင် ကားမှာညာဘက်မှ မြင့်တက်နေရသည်။ ညာဘက်ဘီးက ချိုင့်ထဲကျသွားလျှင် ဘယ်ဘက်က မြင့်တက်သွားရာ ကားဘေးရှိ လမ်းပခုံးနေရာကုန်းမြေမှာ ကားခေါင်မိုးနှင့် တစ်တန်းတည်းရှိနေသဖြင့် မိမိကကြောက်လန့်ပြီး လမ်းဘေးခုန်ချမိလျက်သား ဖြစ်သွားသည်။ ထိုနေရာသို့ ခုန်ချမိရာ ကားစပယ်ယာက "အိုး. . . ဒီလိုမလုပ်ပါနဲ့" ဆိုသဖြင့် မိမိကားပေါ်ပြန်တက်လာရသည်။ ဤသို့ဖြင့် ရေးမြို့ကမ်းနားသို့ ရောက်လာရ၏။ ကမ်းနားမှတစ်ဆင့် မော်တော်ဖြင့် အစင်ရွာသို့ မော်တော်စီးရပြန်သည်။ မော်တော်ဖြင့် အစင်ရွာကို သွားရမည်ဆိုလျှင် လမ်းခုလတ်ဖြစ်သော ကင်းဘုရားနေရာတစ်ဝိုက်ကို တစ်ချက်ကြောက်ရသေးသည်။ မော်တော်လေးသည် ကင်းဘုရားမှ ဝေးသောရေကြောင်းကို ပြောင်းပြီး ခုတ်မောင်းရတော့သည်။ ယခင်က ကင်းဘုရားမှ သူပုန်ကသေနတ်ဖြင့် ပစ်တတ်သောကြောင့် ဖြစ်သည်။ ရန်ကုန်နှင့် မော်လမြိုင် ၁၇၅ မိုင်၊ မော်လမြိုင်နှင့် ရေး ၉၂ မိုင်၊ အစင်ရွာကို ၅ မိုင် စုစုပေါင်း ၂၇၂ မိုင် ဝေးသည်။ ရထားမှ မော်တော်၊ မော်တော်မှ ရထား၊ ရထားမှတစ်ဆင့်ကား၊ ကားမှတစ်ဆင့် မော်တော်စီးရင်း သူပုန်ရန်ကို တွေးပြီး ပါးစပ်ကလည်း သမ္ဗုဒ္ဓေကိုရွတ်ရင်း ခရီးလမ်းတွင် ပျော်ရွှင်နိုင်ခြင်းမရှိဘဲ ရင်တထိတ်ထိတ်ဖြင့် ခရီးသွားခဲ့ရခြင်းဖြစ်သည်။

ယခုတော့ ငြိမ်းချမ်းခြင်းလက္ခဏာနှင့်အတူ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ရာ ရန်ကုန်နှင့်ရေးကို တလမွန်၊ ရွှေလီရတနာ၊ ရွှေပြည့်စုံနှင့် ရာဇာမင်း စသော ခေတ်မီအဲကွန်းဘတ်စ်ကားများ နေ့စဉ်ပြေးဆွဲနေပြီဖြစ်၍ လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်သည်။ မိမိလည်း ရွှေလီရတနာဂိတ်တွင် လက်မှတ်ဝယ်ပြီး ထိုနေ့ညနေ ၆ နာရီတွင် အောင်မင်္ဂလာအဝေးပြေးမှ စထွက်ခဲ့ရာ ည ၁၂ နာရီခန့်တွင် သံလွင်တံတား မုတ္တမဘက်ကမ်းသို့ရောက်ပြီး နံနက် ၄ နာရီတွင် ထိုရပ်နားရာနေရာမှ ခရီးဆက်ခဲ့ရာ နံနက် ၅ နာရီခန့်တွင် မော်လမြိုင်အဝေးပြေးဂိတ်သို့ ရောက်ရှိတော့သည်။ ထိုမှတစ်ဆင့် ဘတ်စ်ကားဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီခန့်တွင် ရေးမြို့ကို ဆိုက်ရောက်လေသည်။

ရေးမြို့သည် မွန်ပြည်နယ်၏တောင်ဘက် အစွန်ဆုံးမြို့တစ်မြို့ဖြစ်သည်။ မိမိသည် ကားရပ်ရာနေရာကိုမသိ၊ အနီးတွင် တွေ့ရသည့် ဆိုင်ကယ်ကယ်ရီကို လှမ်းခေါ်ပြီး "အစင်ကိုသွားမှာ"ဆိုပြီး ခွစီးလိုက်သည်။ လက်ဆွဲအိတ်ကို ဆိုင်ကယ်ရှေ့တွင်ထည့်ပြီး ရွာကို ထွက်လာတော့သည်။ ဆိုင်ကယ် ကယ်ရီမောင်းသည့်ကောင်လေး၏နောက် ထိုင်ရင်း လမ်းဘေးအိမ်တန်းများကိုကြည့်ရင်း လိုက်ပါလာရာ ခဏကြာလျှင် အိမ်တန်းတစ်ခုတွေ့ရသည်။ "ဒါ ရေးမြို့က မထွက်သေးဘူးလား"ဟုမေးလိုက်ရာ "မဟုတ်ဘူး ဦးလေး၊ ဒါ အဘော်ရွာဝင်နေပြီလေ၊ ရှေ့မှာ အစင်ရွာ ဦးလေး"ဟုဆိုရာ "မဟုတ်သေးဘူးလေ. . . ဒူးယားရွာကို ဝင်ရဦးမှာလေ"ဟု မိမိကဆိုရာ ဆိုင်ကယ်ကယ်ရီမောင်းသမားလေးက "အရင်လမ်းမဟုတ်တော့ဘူး. . . ခုလမ်းသစ်ဖောက်လိုက်ပြီ၊ ရေး-အဘော်-အစင် တစ်ဆက်တည်းဖြစ်နေပြီ" ဟု ဆိုလိုက်ရာ မိမိငယ်စဉ်က နွားလှည်းဖြင့် သွားလာဖူးသော လမ်းဟောင်းမဟုတ်တော့ကြောင်း သိလိုက်ရတော့သည်။ ကတ္တရာလမ်းက ဖြောင့်ဖြူးနေတော့ ဆိုင်ကယ်လေးကလည်း ကတ္တရာလမ်းပေါ်တွင် ညက်ညက်ကလေးပြေးလေသည်။ အစင်ရွာအဝင် မြို့ဟောင်းချောင်းကမ်းနဖူးရှိ "အစင်စံပြကျေးရွာ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် အောင်မြင်တိုးတက်ကြပါစေ"ဟူ၍ ရေးသားနှုတ်ခွန်းဆက်သသော ကွန်ကရစ်ဆိုင်းဘုတ်ကြီးကို လှမ်းမြင်ရတော့သည်။

ရွာအဝင် မြို့ဟောင်းကုန်းထိပ်မှ တောင်ဘက်သို့တန်းနေသော ကတ္တရာလမ်းမကြီးမှာ အောင်ဇေယျလမ်းမကြီးပင်ဖြစ်ပေသည်။ ထိုလမ်းမကြီး၏ ညာဘက်တောင်စောင်းထက်တွင် ဘုန်းတော်ကြီးကျောင်းများ၊ ဝိပဿနာရိပ်သာများ၊ အထက်တန်းကျောင်းများရှိပြီး လူနေအိမ်ခြေများမှာ တောင်စောင်းနှင့် မျက်နှာချင်းဆိုင် အနိမ့်ပိုင်းတွင်ရှိသည်။ တစ်ရွာလုံး မီးလောင်ပြီးမှ အကွက်ရိုက်ပြီး နေရာပြန်ချထားပေးရာ အိမ်ကြီးအိမ်ကောင်းများ ပြန်ပေါ်ပေါက်ရုံသာမက တိုက်များပင် ပေါ်ပေါက်လာလေသည်။ ရွာအဝင် အောင်ဇေယျလမ်းမကြီးသည် ရွာလယ်ရှိ ဗိုလ်ချုပ်လမ်းမနှင့်ဆုံမိပြီး ထိုမှတစ်ဆင့် ပင်လယ်ကမ်းခြေရှိ ဘုရားတောင်ဘုရား ပင်လယ်အပန်းဖြေစခန်းသို့ပင် ကား၊ ဆိုင်ကယ်များ သွားလာနိုင်သော မြေသားဂဝံလမ်းဖြစ်လေသည်။

အစင်စံပြကျေးရွာကြီးသည် မြို့အဆင့်သို့ ရောက်နေပြီဖြစ်သည်။ အိမ်ခြေပေါင်း ၃၄၈၂ အိမ်ရှိပြီး လူဦးရေ ၁၇၃၅၀ အထိရှိကြောင်း ရွာအဝင်ဆိုင်းဘုတ်တွင် ရေးသားထားသည်ကို တွေ့ရလေသည်။ မိမိသည် အစင်ရွာသား အစစ်အမှန်ဖြစ်သော်လည်း ရွာနှင့်နှစ်ပေါင်း (၅၀) လောက် ကင်းကွာသွားပြီဖြစ်၍ ဦးခင်ဝင်း (ဦးနီတွတ်)၏ ဦးဆောင်မှုဖြင့် မိမိတွေ့ချင်သူများကို လိုက်လံတွေ့ဆုံနှုတ်ဆက်ရလေသည်။ ကျေးရွာ၏ အဓိကစီးပွားရေးမှာ ရေလုပ်ငန်းနှင့် ခြံလုပ်ငန်းဖြစ်လေသည်။ ခြံမြေမှာ ဧကပေါင်း ၂၉၇၈ ဧကရှိပြီး ရေလုပ်ငန်းကတော့ ပင်လယ်ပြင်တစ်ခုလုံးဟု ဆိုရမည်ဖြစ်သည်။ ရွာ၏ တိုးတက်မှုကို ငယ်သူငယ်ချင်း ဦးအောင်မြတင်နှင့်တွေ့မှ သိရ၏။ ဦးအောင်မြတင်မှာ အစင်ရွာ၏ ယခင် ရေလုပ်ငန်းရှင်များ၏ အသင်းဥက္ကဋ္ဌဖြစ်ခဲ့သူဖြစ်၍ ရွာ၏ တစ်နေ့ငါးရရှိမှုတန်ဖိုးကို သိနေခြင်းဖြစ်သည်။ ငါးဖမ်းစက်လှေ အစင်း ၄၀၀ မှ ၅၀၀ အထိရှိရာ တစ်နေ့ဝင်ငွေ ကျပ်သိန်းပေါင်း ၂၀၀၀ ကျော်သည်။

ရေလုပ်ငန်းကုမ္ပဏီလေးခု၊ အေးခဲခန်း(Freezer)လေးခုနှင့် Cold Store လေးခုရှိသဖြင့် ဖမ်းမိလာသော ငါးများကို အအေးခန်းထဲတွင် သိုလှောင်ပြီး တရုတ်နိုင်ငံသို့ တင်ပို့သည်ဟု သိရသည်။ ယခင်က ရေလုပ်ငန်းများကို တံငါဟု ခေါ်သော်လည်း ယခုတော့ အဆင့်မြင့်ပြီး ရေလုပ်ငန်းဟု ခေါ်ကြသည်။ ကမ္ဘာဦးက တံငါဆိုသည်မှာ မိမိနှင့် မိမိမိသားစုစားဝတ်နေရေးအတွက် ဝမ်းကျောင်းရသူဟု အဓိပ္ပာယ်ရသော်လည်း ရေလုပ်ငန်းမှာ မိမိ၏ စီးပွားရေးသာမက တိုင်းပြည်စီးပွားရေးကိုပါ ပံ့ပိုးပေးသောလုပ်ငန်းဖြစ်လေသည်။ အစင်ရွာသည် ဗမာ၊ ထားဝယ်၊ မွန်လူမျိုးတို့ စုပေါင်းနေထိုင်သော ရွာကြီးတစ်ရွာဖြစ်သည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းကို ထားဝယ်သားများ စတင်လုပ်ကိုင်လာရာမှ အစင်ရွာတွင် တွင်ကျယ်လာသည်။ ယခင်က မွန်တိုင်းရင်းသားတို့ ပင်လယ်ပြင်သို့ မထွက်ရဲကြ။ စိုက်ပျိုးရေးကို မိရိုးဖလာလုပ်ကိုင်လာကြသည်။ ရှေးယခင်က သီတင်းဝါလကျွတ် ပွင့်လင်းရာသီရောက်မှသာ ပင်လယ်ပြင်သို့ ထွက်ခဲ့ကြသည်။ ယခုကတော့ ရေဒီယိုမှ မိုးလေဝသသတင်းနားထောင်ပြီး ငါးဖမ်းစက်လှေများက ပင်လယ်ထဲတွင် ၂၄ နာရီ ငါးဖမ်းနေပြီး ကဲ့သဘော်က ရရှိထားသော ငါးများကို သယ်ယူပြီး အအေးခန်းထဲတွင် သိုလှောင်ထားလေသည်။ နေ့စဉ် ပင်လယ်ပြင်ကို ထွက်၍ ငါးဖမ်းနေပြီဖြစ်သည်။ ခေတ်မီတိုးတက်သော စက်ကိရိယာများဖြင့် မျှောပိုက်၊ စိမ်ပိုက်နှင့် ဘုံကျောင်းပိုက်စသည်ဖြင့် ငါးဖမ်းပိုက်အမျိုးမျိုးဖြင့် ဖမ်းဆီးနေကြသဖြင့် ဖမ်းဆီးရမိသော ငါးပမာဏတန်ဖိုး ကျပ်သိန်းပေါင်း ၂၀၀၀ ကျော်ဟုဆိုခြင်း ဖြစ်သည်။

ရေလုပ်ငန်းသည် တိုင်းပြည်ဝင်ငွေတိုးတက်ဖို့ အထောက်အကူပြုနေသည့် အပြင် တစ်ဖက်ကလည်း ကုသိုလ်ကောင်းမှုများစွာပြုနေကြသဖြင့် တစ်ရွာလုံးမှာ သာသနာရောင်ဝါထွန်းလင်းလျက်ရှိသည်ကို တွေ့ရသည်။ တစ်ရွာလုံး ထေရဝါဒဗုဒ္ဓဘာသာများဖြစ်သဖြင့် ဘိုးတော်၊ မယ်တော်၊ နတ်ကတော် စသော ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သည့် ကိုးကွယ်မှုများ အလျှင်းမတွေ့ရပေ။ မွန်၊ ရခိုင်တို့ ထုံးစံအတိုင်း အိမ်တိုင်းတွင် နတ်စင် မရှိ၊ ဘုရားစင်မှတစ်ပါး အခြားကိုးကွယ်ရာမရှိပေ။ စီးပွားရေးကောင်းသဖြင့် အိမ်တိုင်းတွင် ဆိုင်ကယ်တစ်စီး သို့မဟုတ် နှစ်စီးရှိစမြဲဖြစ်သည်။ တစ်ရွာလုံးတွင် လျှပ်စစ်မီးထိန်ထိန်လင်းလို့ ဆိုင်ကယ်သံ ညံမစဲဘဲ တစ်နေ့လုံး တစ်ညလုံး သွားလာလှုပ်ရှားနေကြသည်။

တစ်ရွာလုံးတွင် ဆိုင်ကယ်အစီးပေါင်း ၁၀၀၀ ကျော်ခန့်ရှိသည်ဟု ထင်ရသည်။ ရွာမှထုတ်လုပ်သော ဆိုင်ကယ်ဘေးတွဲများလည်း ကုန်တင်၊ လူတင်ပြီး သွားလာနေကြသည်။ လမ်းထောင့်များတွင် ဆိုင်ကယ် ကယ်ရီများက ခရီးသည်များ စောင့်နေသည်ကိုလည်း တွေ့ရသည်။ အစင်ရွာသည် ဈေးကွက်ဝယ်လိုအားအရ ရေလုပ်ငန်းတိုးတက်နေသဖြင့် လယ်ယာလုပ်ငန်းမှာ အတော်ပင် မှေးမှိန်သွားသလို တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်ရသည်။ လယ်ဧကပေါင်း ၂၉၅၆ ဧကရှိသဖြင့် ကျေးရွာဝမ်းစာဖူလုံရုံသာမက ပိုလျှံနိုင်သေးသည်။ လယ်ယာလုပ်ငန်းကိုလည်း ခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးရန်လိုအပ်သည်။ လူ့သဘာဝသည် တစ်ခုကို စိတ်ဝင်စားလျှင် အခြားတစ်ခုကို မေ့ထားတတ်ကြသည်။ ယနေ့လူသားထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလုပ်ငန်းရော၊ လယ်ယာလုပ်ငန်းပါ ဖွံ့ဖြိုးရန်လိုအပ်သည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကြီး ဖြစ်လာမည်ဖြစ်သည်။

တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ ကံစွမ်း၊ ဉာဏ်စွမ်းဖြင့် လုပ်ဆောင်နေကြသဖြင့် တိုးတက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ပင်လယ်ကမ်းခြေရွာများမှာလည်း အစင်ရွာကို နမူနာယူသင့်သည်။ အမှန်တကယ်တော့ အစင်ရွာ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းခြင်း၏ ရလဒ်ကောင်းတစ်ခုဟု ဆိုလိုက်ချင်ပါတော့သည်။ ။

ကိုရီးယားစားသောက်ကုန် ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၅

Korea Food Fair 2012 ကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ Orange Supermarket ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ Minister Counsellor, Mr. Yun Kang Hyeon နှင့် Creation Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်မြင့်မြင့်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

Korea Food Fair ကို လသာ၊ ဝေဇယန္တာ၊ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာနှင့် တာမွေမြို့နယ်များရှိ Orange Supermarket များနှင့် Balazon Department Store တို့၌ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ကိုရီးယားစားသောက်ဆိုင်များမှ ကိုရီးယားအစားအစာများကို နမူနာ ချက်ပြုတ်ပြသပေးမည်ဖြစ်ပြီး ဈေးဝယ်သူများစိတ်ကြိုက် မြည်းစမ်းပြီး အထူးဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ Korea Food Fair တွင် ကိုရီးယားခေါက်ဆွဲအမျိုးမျိုး၊ ပဲခေါက်ဆွဲ၊ ရေညှိထမင်းလိပ်၊ ကင်မ်ချီ၊ Cake အမျိုးမျိုး၊ ကိုရီးယား Biscuit အမျိုးမျိုး၊ ဖျော်ရည်မျိုးစုံနှင့် Korea Style ဟင်းချက်ရာတွင် အသုံးပြုရမည့် ဟင်းခတ်ပစ္စည်းအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မိတ္ထီလာမြို့တွင် စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးဆောင်၍ စာဆိုတော်နေ့ အထိမ်းအမှတ်ဟောပြောပွဲကို မိတ္ထီလာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီက ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြင်းမူမောင်နိုင်မိုး၊ ရဲသျှမ်းနှင့် ကာတွန်းဝင်းအောင်တို့က စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ကြေးမုံကာတွန်း

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

❖ စာမျက်နှာ ၅ မှ

ချဉ်းကပ်ကားတံတားအရှည် စုစုပေါင်း ၁၄၁၅ ပေရှိကာ ကားတံတားအရှည်စုစုပေါင်း ပေ ၄၆၃၀ ရှိသည်။ ချဉ်းကပ်ရထားတံတားအရှည်မှာ စုစုပေါင်း ၂၂၉၅ ပေရှိပြီး ပင်မတံတားအပါအဝင် စုစုပေါင်းရထားတံတားအရှည်ပေ ၅၅၁၀ ရှိသည်။ တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းမောင်းကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိသည်။ ယာဉ်တစ်စီးခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေဖြစ်သည်။

တံတားကြီးတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်တို့မှ ဒေသခံပြည်သူများအကြား သွားလာဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုကို သွက်လက်မြန်ဆန်စေမည်ဖြစ်ပြီး တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြင့်ခိုင်မာလာစေတော့မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား Mr. Tomas Ojea Quintana နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖော်ဆောင်နေမှုနှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရေးနှင့် ၎င်းတို့အတွက် နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ပြည်နယ်အစည်းအဝေးခန်းမ၌ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ဗမာတိုင်းရင်းသားတိုင်းရင်းသူကိုယ်စားလှယ် ၂၀ ဦးနှင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီ မိနစ် ၂၀ အထိ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားများ၏ မျှော်လင့်ယုံကြည်မှုများ၊ တိုင်းရင်းသားအသီးသီး၏ရင်တွင်းဆန္ဒများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅

မကွေးမြို့ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက် ၇ နာရီတွင် ပညာရေးကောလိပ်လမ်းတစ်လျှောက် ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ပညာရေးကောလိပ်လမ်း အရှည်ပေ ၃၂၈၀ ကို ပညာရေးကောလိပ် သင်တန်းသားသင်တန်းသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၇၅၀ တို့က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၏ ဦးဆောင်မှုဖြင့် Association of Indonesian in Myanmar က ကြီးမှူးကျင်းပသည့် AIM Bazaar 2012 ဈေးရောင်းပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်ဒိုနီးရှားရိုးရာအကဖြင့် ဖျော်ဖြေပြီး အင်ဒိုနီးရှားသံအမတ်ကြီး H.E. Mr. Sebastianus Sunarsono က အဖွင့်အမှာစကားပြောကြားကာ သံအမတ်ကြီးနှင့် ဇနီးတို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဈေးရောင်းပွဲတော်ကို ညနေ ၅ နာရီအထိ ကျင်းပပြီး အဝတ်အထည်များ၊ အစားအသောက်များ၊ စာအုပ်များ၊ အလှကုန်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဆေးဝါးနှင့် ဖိနပ်အမျိုးမျိုးတို့ကို ရောင်းချခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် ထားဝယ်မြို့တွင် သုည ဒသမ ၉၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ။ ။ လှိုင်းအသင့်အတင့်ရှိမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၉) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ပထမတန်း(က)တွင် အတန်းတွင်း ဒုတိယပတ်လည် ဒုတိယဆုရရှိခဲ့သော မယွန်းယမုံခင်အား ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံတကာသတင်းများ

ရုရှားရေတပ်၏ နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာရေငုပ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ရုရှားမဟာဗျူဟာရေငုပ်သင်္ဘောများ ကမ္ဘာတစ်ဝန်း ကင်းလှည့်တာဝန် ပြန်လည်ထမ်းဆောင်မည်

မော်စကို ဖေဖော်ဝါရီ ၅

ရုရှားနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာ ရေငုပ်သင်္ဘောများသည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း နိုင်ငံတကာရေပြင်များ၌ ပုံမှန်ကင်းလှည့်တာဝန်များ ပြန်လည်ထမ်းဆောင်မည်ဖြစ်ကြောင်း ရုရှားရေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးဗလာဒီမာ ဗိုင်ဆော့စကီးက ပြောကြားခဲ့သည်။

ဇွန် ၁ ရက် သို့မဟုတ် ယင်းကာလထက်များစွာ နောက်မကျဘဲ နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာရေငုပ်သင်္ဘောများဖြင့် ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၌ ကင်းလှည့်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဗိုင်ဆော့စကီးက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ မဟာဗျူဟာ ရေငုပ်သင်္ဘောများနှင့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ၏ နှစ်စဉ်ကင်းလှည့် တာဝန်ထမ်းဆောင်မှုသည် ၁၉၈၄ ခုနှစ်က ကြိမ်ရေ ၂၃၀ ကျော်အထိ ရှိခဲ့သော်လည်း ယနေ့ကာလတွင် ၁၀ ကြိမ်မျှအထိ ကျဆင်းခဲ့ရသည်။

နျူကလီးယားစွမ်းအင်သုံးမဟာဗျူဟာ ရေငုပ်သင်္ဘောတပ်ဖွဲ့သည် ရုရှားရေတပ်၏အမာခံကျောရိုးဖြစ်ပြီး အနာဂတ်ကာလ၌ အရေးပါသော စစ်ရေးအရံအတားအဖြစ် ဆက်လက်တည်ရှိဦးမည်ဟု ရုရှားစစ်ဘက်က ယုံကြည်ထားသည်။

ရုရှားရေတပ်၌ လက်ရှိ စစ်ရေးတာဝန်များ ထမ်းဆောင်နေသော နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာရေငုပ်သင်္ဘော ၁၂ စင်းရှိပြီး ဒယ်လ်တာအတန်းအစားရေငုပ်သင်္ဘော ငါးစင်း၊ ဒယ်လ်တာ-၄ အတန်းအစား ခြောက်စင်းနှင့် တိုင်ဖွန်းအတန်းအစား တစ်စင်းတို့ဖြင့် ဖွဲ့စည်းထားသည်။

ရေတပ်၌ လက်ရှိတာဝန်ထမ်းဆောင်နေသော နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာရေငုပ်သင်္ဘောများအား ဖျက်သိမ်းရေးစီမံချက်ကို ရပ်ဆိုင်းရန် ရုရှားနိုင်ငံက ဆုံးဖြတ်ထားပြီး ဘိုရေးအတန်းအစား ရေငုပ်သင်္ဘောရှစ်စင်းအား ၂၀၂၀ ခုနှစ်၌ အပြီးတည်ဆောက်ရန် စီစဉ်ထားသည်။ **အင်တာနက်။**

ကမ်းထိုး စစ်ရေယာဉ် တစ်စင်းပေါ်သို့ တက်ရောက် လျက်ရှိသော ဂျပန်အခြေစိုက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် များအား တွေ့ရစဉ်။

အိုကီနာဝါကျွန်းမှ မရိန်းတပ်ဖွဲ့ဝင် ၄၇၀၀ ကို ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းရန် ဂျပန်နှင့် အမေရိကန်သဘောတူခဲ့ဟုဆို

တိုကျို ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်နေရာချထားရေးအစီအစဉ်အရ အိုကီနာဝါကျွန်းတွင် တပ်စွဲထားသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၄၇၀၀ ကျော်အား ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းရန် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့က သဘောတူညီခဲ့ကြကြောင်း ဖေဖော်ဝါရီ ၄ ရက် သတင်းများအရသိရသည်။

အိုကီနာဝါကျွန်းမှ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၈၀၀၀ ဝန်းကျင်ကို အမေရိကန်ပြည်ထောင်စု အချုပ်အခြာပိုင် ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းရေးနှင့် အိုကီနာဝါကျွန်းပေါ်ရှိ လေတပ်အခြေစိုက်စခန်းတစ်ခုအား ပြန်လည်နေရာချပေးရန် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က ၂၀၀၆ ခုနှစ်တွင် သဘောတူညီခဲ့ကြသည်။

သို့ရာတွင် အဆိုပါသဘောတူညီချက်ကို အိုကီနာဝါကျွန်းနေပြည်သူများ လက်သင့်ခံလာရေးအတွက် ဂျပန်အစိုးရက ကြိုးပမ်းနေရခြင်းကြောင့် ဂျပန်အခြေစိုက် အမေရိကန်တပ်ဖွဲ့များ နေရာရွှေ့ပြောင်းရေးစီမံချက် နှောင့်နှေးခဲ့ရသည်။

ကျိုဒိုသတင်းဌာန၏ တနင်္ဂနွေနေ့သတင်းထုတ်ပြန်ချက်အရ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အိုကီနာဝါကျွန်းပေါ်မှ လက်ကျန်မရိန်းတပ်ဖွဲ့ဝင် ၃၃၀၀ ကို ဟာဝိုင်ယီ၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်ကဲ့သို့သော ပစိဖိတ်ဒေသများသို့ ရွှေ့ပြောင်းရန် သုံးသပ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နှင့်ဂျပန် ထိပ်တန်းတာဝန်ရှိသူများသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ဖေဖော်ဝါရီ ၆ ရက်တွင် တွေ့ဆုံ၍ မရိန်းတပ်ဖွဲ့ဝင်များ နေရာရွှေ့ပြောင်းရေးကို ဆွေးနွေးနေကြမည်ဖြစ်သည်။

စီမံချက် အသေးစိတ်အချက်အလက်များအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။

ဂျပန်နိုင်ငံ၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ ကျော်တို့၏ ထက်ဝက်မျှကို တာဝန်ယူထားရသော အိုကီနာဝါကျွန်းသားများသည် ဖူတင်မာ အမေရိကန်လေတပ်စခန်းအား အိုကီနာဝါကျွန်း အခြားတစ်နေရာသို့ ရွှေ့ပြောင်းမည့် အစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

အင်တာနက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ပထမဦးဆုံးဖွင့်လှစ်လိုက်သည့် (ရွှေကျင်ရေလှောင်တမံနှင့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ)

* ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏အရှေ့မြောက်ဘက်(၆)မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် (၁၇)ခုမြောက် ဖွင့်လှစ်လိုက်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံးဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သည်။ အဆိုပါ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။
* အဆိုပါ စီမံကိန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ အမှတ်(၂) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် လည်းကောင်း၊ အမှတ်(၃) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်တွင် လည်းကောင်း၊ အမှတ်(၄) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်တို့တွင်လည်းကောင်း ဓာတ်အားထုတ်လုပ် ပို့လွှတ်ပေးနိုင်ခဲ့ပြီးနောက် အချောသပ်လုပ်ငန်းများ ဆောင်ရွက်သည်။
* ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဓိက ရေအားအဆောက်အအုံများအနေဖြင့် အလျား ၁၅၆၈ ပေ၊ အနက် ၁၃၅ ပေနှင့် ထု ၂ ဒသမ ၅ ပေရှိ တမံအုတ်မြစ် စိမ့်ရေတားကွန်ကရစ်နံရံ (Diaphragm Wall) တည်ဆောက်ခြင်း၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၆၈၅၀၀၀ ဧကပေ သိုလှောင်နိုင်မည့် အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစားတမံ (Zone Type Dam) တည်ဆောက်ခြင်း၊ အလျား ၁၇၆၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့်ပေ ၂၀ ရှိ ပြွန်သုံးပေါက်ပါဝင်သည့် ကွန်ကရစ်ရေလွှဲ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ အလျား ၁၂၁ ပေ၊ အနံ ၁၂၇ ပေ၊ အမြင့် ၁၃၇ ပေရှိ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ အလျား ၂၅၄၂ ပေ၊ အကျယ် ၁၃၅ ပေ၊ အမြင့် ၅၈ ပေရှိ ရေပိုလွှဲတည်ဆောက်ခြင်း၊ အချင်း ၂၅ ပေ၊ အလျားပေ ၁၁၀၀ ရှိ ဖိအားမြှင့် သံမဏိပိုက်လိုင်း နှစ်လိုင်း တပ်ဆင်တည်ဆောက်ခြင်း၊ အလျား ၂၉၅ ပေ၊ အနံ ၉၄ ပေ၊ အမြင့်ပေ ၇၀ ရှိ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံ (Switch-Yard) တည်ဆောက်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။
* လျှပ်စစ်စက်တပ်ဆင်အင်အားအနေဖြင့် စက်တစ်လုံးလျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ (Francis-Vertical Shaft) တာဘိုင်အမျိုးအစား စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ် တပ်ဆင်ထားပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။
* ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၇၅ မဂ္ဂါဝပ်ရှိပြီး စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် စက်တပ်ဆင်အင်အား အကြီးမားဆုံးဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံ၊ စက်မှုလက်မှုလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်ရုံသာမက တစ်နိုင်ငံလုံးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။
* ယခုဖွင့်လှစ်လိုက်သည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် နိုင်ငံတော်၌ ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ၊ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၃ ရုံမှ လျှပ်စစ်စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၃၃၆၀ ရရှိလာပြီဖြစ်သည်။
* ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ရွှေကျင်/မဒေါက်ဒေသရှိ ပြည်သူများအတွက်လည်း ဒေသထွက်ကုန်ကြမ်းပစ္စည်းများကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်မည့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ထူထောင်လာနိုင်မည့် အခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

☆ **ကျောဖုံးမှ**

ဖျားနာကုသဆောင်၊ မီးယပ်သားဖွား ကုသဆောင်နှင့် ကလေးကုသဆောင် တို့တွင် လူနာများအား ပြုစုကုသနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အရိုးရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်းတို့ကိုလှည့်လည်ကြည့်ရှုပြီး လူနာများကို အားပေးစကားပြောကြားသည်။

ထို့နောက် ဆေးရုံခန်းမ၌ ခရိုင်ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသင်းလွင်က ဆေးရုံရှိ ဆရာဝန်နှင့်ဝန်ထမ်းဦးရေ၊ ရောဂါဖြစ်ပွားမှုနှင့် ဆေးရုံတက်ရောက်ကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကသာခရိုင် ခုတင်(၁၀၀)ဆံ့ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ယခုကဲ့သို့တွေ့ဆုံချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှု၌ ဆောင်ရွက်ရမည့် အပိုင်း(၂)ပိုင်းဖြစ်သော ကုသရေးကဏ္ဍ၊ ကြိုတင်ကာကွယ်ရေး ကဏ္ဍတို့အပြင် ဆောင်ရန်ရှောင်ရန် ကျင့်ဝတ်များအပိုင်းတို့ကို မှာကြားလိုကြောင်း။

ပထမဦးစွာ ကုသရေးအပိုင်းတွင် ဤခရိုင်အတွင်း ဆရာဝန်နှင့် လူနာအချိုးမှာ (၁း၆၈၄၄) ဖြစ်သဖြင့် လုပ်ငန်းပမာဏများပြားမည်ကို သိရှိနိုင်ကြောင်း၊ ကုသရေးကဏ္ဍ၏ အခြေခံလိုအပ်ချက်ဖြစ်သော အဆောက်အအုံ၊ ဝန်ထမ်း၊ ဆေးဝါး၊ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း စသည့်အချက်(၄)ချက် ပြည့်စုံပါက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ကုသရေးလုပ်ငန်းများကို အထိုက်အလျောက် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

အဆိုပါအချက်(၄)ချက် မပြည့်စုံနိုင်သေးသည့် ကျေးရွာဒေသများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိဆရာဝန်ဘွဲ့ရဦးရေ(၂၆၀၀၀)ကျော်ရှိပြီး စုစုပေါင်းအင်အား၏ သုံးပုံနှစ်ပုံသာ ကျန်းမာရေးနယ်ပယ်တွင် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် ဆရာဝန်နှင့် လူနာအချိုး (၁း၃၀၀၀) နီးပါးဖြင့် လုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

ထို့အတူ သူနာပြု ၂၅၀၀၀ ခန့်၊ သားဖွားဆရာမ ၁၅၀၀၀ ကျော်သာ ရှိနေသေး၍ ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ ကျန်းမာရေးလက်ထောက် စသည့်အင်အားများသည်လည်း နည်းပါးလျက်ရှိသေးကြောင်း၊ အာဆီယံသတ်မှတ်ချက်ကိုပင် ပြည့်မီခြင်းမရှိသေးကြောင်း၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများစွာကို အချိန်ယူလေ့ကျင့်မွေးမြူသွားရဦးမည်ဖြစ်ကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းတွင် ပါဝင်သည့် ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဟူသည့် ရည်မှန်းချက်တစ်ရပ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အထက်ပါ စီမံကိန်းရည်မှန်းချက် အောင်မြင်နိုင်စေရေးအတွက် ကျေးရွာများမှ ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာဝါသနာပါသော ဒေသခံလူငယ်လူရွယ်များအား ခေါ်ယူသင်တန်းပေးခြင်း နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ကျေးရွာများ၌ စနစ်ကျနသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် အခြေခံကုသရေးအတွေ့အကြုံများ ရရှိလာသည်နှင့်အမျှ အထူးကုဆရာဝန်ကြီးများကပါ လိုအပ်ချက်များ ထပ်မံသင်တန်းပို့ချပေးခြင်း၊ သင်တန်းတွင် လက်တွေ့လုပ်ငန်းများ ထပ်မံဆောင်ရွက်စေခြင်းတို့ဖြင့် ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်သူတစ်ဦးအဖြစ် ကျေးရွာက အားကိုးအားထားပြုလာနိုင်မည်ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကုသရေးအပိုင်းမှ ဝန်ထမ်းအင်အားနည်းပါးမှုကို အချိန်တိုအတွင်း ဖြည့်တင်းပေးရာရောက်သကဲ့သို့ ကြိုတင်ကာကွယ်ရေးအပိုင်းကိုလည်း တစ်ပါတည်း ဆောင်ရွက်ရာရောက်ကြောင်း။

ထို့အပြင် ဤလုပ်ငန်းများသည် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်များက တိုက်ရိုက်စီမံချက် ချမှတ်ဆောင်ရွက်နိုင်ပြီး ခရိုင်ဆေးရုံများတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းဖြစ်၍ ဒေသခံသင်တန်းသားများအတွက်လည်း အခက်အခဲ နည်းပါးစေမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းတစ်ရပ် မဟုတ်သည့်တိုင် လတ်တလော ဖြေရှင်းဆောင်ရွက်နိုင်သည့် ဖြစ်နိုင်စွမ်းရှိသော နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်ကျနမှုနှင့် စေတနာမှန်ကန်မှုသာ လိုအပ်ကြောင်း။

ကြိုတင်ကာကွယ်ရေးအပိုင်းအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် ငှက်ဖျား၊ တီဘီ၊ HIV စသည့် ကာကွယ်ရေးလုပ်ငန်းများအပြင် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများကလည်း ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ မိမိတို့နိုင်ငံ၏ လူနေမှုဘဝပုံစံကြောင့် ဖြစ်ပွားလေ့ရှိသည့် ကူးစက်ရောဂါမဟုတ်သော သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို စသည့် ရောဂါများ ဖြစ်ပွားရသည့် အခြေခံရင်းမြစ်များအတွက်ပါ ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နောက်ဆုံး မှာကြားလိုသည်မှာ ကျင့်ဝတ်အပိုင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းအချို့၏ အားနည်းမှု၊ ကျင့်ဝတ်သိက္ခာ လေးစားလိုက်နာမှုမရှိခြင်းတို့ကြောင့် လက်ရှိကာလတွင် ဆရာဝန်နှင့် လူနာဆက်ဆံရေးသည် ယခင်ကနှင့် မတူတော့သည်ကို သတိပြုကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကျင့်သုံးရမည့် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများအတိုင်း တိတိကျကျ လိုက်နာကျင့်သုံး၍ ပြုစုကုသပေးခြင်းဖြင့် တာဝန်ဝတ္တရားကျေပွန်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အလှူရှင်များက ဆေးရုံတွင် Ultrasound ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ ဆေးရုံ ငွေပဒေသာပင် ငွေကျပ် ၁၇၅ သိန်းနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ နှင့် ရွှေသံလွင် ကုမ္ပဏီလီမိတက်က Sky Net ရုပ်သံဖမ်းစက်နှစ်စုံတို့ကို လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Audio Visual Room ၌ ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မန်ဆူပလာဇာဈေးသစ်ကြီး မကြာမီဖွင့်လှစ်မည်

လားရှိုး ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လားရှိုးမြို့နယ်စည်ပင်သာယာရေးနှင့် တာမိုးညဲပြည်သူ့စစ်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်ပြီး ရန်ကုန်မြို့ ကျွဲဆိတံကုမ္ပဏီ အင်ဂျင်နီယာများ တာဝန်ယူတည်ဆောက်သော အဆင့်မြင့်မန်ဆူပလာဇာဈေးသစ်ကြီးမှာ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ဖွင့်လှစ်ရန် အဆင်သင့် ဖြစ်လျက်ရှိကြောင်း သိရသည်။**(အောက်ဝဲပုံ)**

ယင်းဈေးသစ်ကို ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ပန္နက်တင်ကာ တည်ဆောက်မှုလုပ်ငန်း စတင်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုအမြှာအဆောက်အအုံ နှစ်လုံးအနက် တစ်ခုကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ဈေးသစ်တွင် ဆိုင်ခန်းများနေရာချထားပြီးမှ ကျန်သောအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း စတင်မည်ဖြစ်သည်။

ဈေးသစ်ကြီး အဆောက်အအုံ အမြှာနှစ်လုံးတွင် တစ်လုံး၌ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်ရှိရာ ဆိုင်ခန်း ၆၆ ခန်းရှိမည်ဖြစ်ပြီး နှစ်လုံးပေါင်း ဆိုင်ခန်းစုစုပေါင်း ၁၃၂ ခန်းဖြစ်ကြောင်းနှင့် အဆင့်မြင့် ပလာဇာဖြစ်သည်နှင့်အညီ ခေတ်မီဓာတ်လှေကား၊ စက်လှေကား၊ ကားပါကင်၊ မီးဘေးကြိုတင်ကာကွယ်မှု အစီအစဉ်များ စီမံဆောင်ရွက်ထားကြောင်း သိရသည်။ (၅၃၃)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ သင်တန်းသား သင်တန်းသူများ လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၉)မှ သင်တန်းသား သင်တန်းသူ ၁၅၀၀ ကျော်တို့ လာရောက်လေ့လာခဲ့သည်။

အဆိုပါသင်တန်းသား သင်တန်းသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးတင်ဝင်း (ညွှန်ကြားရေးမှူး)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့အား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားသမားများက သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ Roly-Poly မှ

ယင်းအယ်လ်ဘမ် အရောင်းမြှင့်တင်ရေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၆ ရက်တွင် အဆုံးသတ်သွားမည်ဖြစ်ပြီး ဂျပန်သတင်းမီဒီယာများ၊ ရေဒီယိုနှင့် ရုပ်သံလိုင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Core Contents Media က ထုတ်ပြန်ကြေညာသည်။

T-ara ဂီတအဖွဲ့သည် Roly-Poly တေးသီချင်းကို ယမန်နှစ် ဇူလိုင်လက ကိုရီးယားဘာသာဖြင့် သီဆိုထုတ်လုပ်ဖြန့်ချိခဲ့စဉ်ကလည်း ဂီတရုပ်သံအစီအစဉ်များနှင့် အွန်လိုင်းဂီတအရောင်းရဆုံး ထိပ်တန်းစာရင်းဝင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်။

T-ara ပေါ့ပ်ဂီတအဖွဲ့ကို ဂျီယွန်း၊ ကျီ၊ အန်ဂျန်၊ ဟိုမင်၊ ဟိုယောင်၊ ဘိုအမ်းနှင့် ဆိုယွန်တို့ဖြင့် ဖွဲ့စည်းထားပြီး ၂၀၀၉ ခုနှစ်က I Go Crazy Because of You တေးအယ်လ်ဘမ်ဖြင့် ဂီတလောကသို့ ရောက်ရှိလာပြီး Bo Peep Bo Peep တေးအယ်လ်ဘမ်ဖြင့် နာမည်ကျော်လာသည့် အဖွဲ့ဖြစ်သည်။ ၎င်းတို့၏ ဒုတိယမြောက် ဂျပန်တေးသီချင်းအယ်လ်ဘမ်မှာ Yayaya ဖြစ်သည်။

အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၂-၂၀၁၂ (တနင်္လာနေ့)

AM & PM	
၅း၄၀	"ဩဝါဒပါတိမောက်"တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆း၂၅	အလောင်းတော်ကဿပ လိုဏ်ဂူတော်
၈း၄၅	တပို့တွဲနှံ့၍ပျော်ကြ မြန်မာ့သဘာဝ
၉း၀၀	Activities In The City (အောင်ဆန်းသူရိယလှသောင်း ကျောင်း အထက(၂) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ)
၉း၃၅	ထူးချွန်ရွေးစင် မြန်မာ့ရုပ်ရှင်
၁၀း၂၅	Celebrity Choice (ကောင်းခန့်)
၁၁း၁၅	ဈေးဝယ်လမ်းညွှန် (Million Stars စိန်နှင့် ပလက်တီနမ်)
၂း၂၀	ဒါရိုက်တာကြည်စိုးထွန်း၏ ရုပ်ရှင်ထူးချွန်ဆု ခန့်မှန်းချက် (အပိုင်း-၂)
၂း၅၀	မန္တလာမြေမှ New Year Expo
၃း၀၀	မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့၏ သက်ကြီးပူဇော်ပွဲ
၆း၁၅	၂၀၁၀ ခုနှစ် အကယ်ဒမီအကြို ရင်ခုန်သံများ (ပရိသတ်များ)
၇း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၀)
၈း၃၀	ဗီဒီယိုပြခန်း
၈း၅၀	Sunday Talk (ဒါရိုက်တာမောင်သီ၊မျိုးမြတ်သူ)
၉း၂၀	The Shop Around The Corner (Part-16)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၃)**
၁၀း၂၀	**အနုပညာမိုးကောင်းကင်**
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၀)**
၁၂း၄၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၂)
၂း၂၄	Barclays Premier League (Liverpool Vs Spurs)
၄း၂၅	Movie Mistakes (Troy)
၄း၄၅	စွယ်တော်လေးဆူ ဆုပန်ယူ

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Liverpool - Spurs	(ESPN) (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

မြောင်းမြခရိုင်တွင် ရွှေဝါငါးကြင်းမျိုးငါးများ ပေးအပ်

မြောင်းမြ ဖေဖော်ဝါရီ ၅

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရည်ရွယ်၍ ကျေးရွာရှိ လယ်ကွင်းများအရောက် သဘာဝနည်းဖြင့် ငါးသားဖောက်ခြင်းသင်တန်းနှင့် ရွှေဝါငါးကြင်းမျိုးငါးများ ထောက်ပံ့ကူညီပေးအပ်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာ တောင်သူကြီးဦးရာဟုလုံး၏ ပေါင်းစည်းလယ်ယာတွင် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက သင်တန်းဖွင့်လှစ်ခြင်း၊ ရွှေဝါငါးကြင်းမျိုးငါးများ ပေးအပ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများထံ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်၊ ခရိုင်စီမံကိန်းဦးစီးဌာနမှူး ဦးမြင့်ဌေး၊ ခရိုင်သမဝါယမဦးစီးဌာနမှူး ဒေါ်မိမိတာရီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုသိမ်ငါးသားဖောက်စခန်းတာဝန်ခံတို့က ရွှေဝါငါးကြင်း တိုးချဲ့မွေးမြူရေးအတွက် မျိုးငါးများ(အထီး/အမ) အစုံလိုက် ထောက်ပံ့ကူညီပေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်နည်းပညာပံ့ပိုးမှုဖြင့် ငါးသားဖောက်လုပ်ငန်းများအား လက်တွေ့ဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ (အောင်မင်း-မြောင်းမြ)



ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။**(ယာပုံ)**

သင်တန်းတွင် ပထမဆုရရှိသော ရေးမြို့နယ် အခွန်ဦးစီးဌာနရုံးမှ အကြီးတန်းစာရေး ဦးမျိုးသန့်စိုး၊ ဒုတိယဆုရရှိသော စစ်ဆေးရေးနှင့် ဥပဒေအကျိုးဆောင်ဌာနခွဲမှ ရုံးအကူ/စာပို့ ဒေါ်ခင်ညိုညိုသင်းနှင့် တတိယဆုရရှိသော မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနရုံးမှ အငယ်တန်းစာရေး ဦးစိုးသူအောင်တို့အား ဆုများချီးမြှင့်ပေးခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။ (ကြေးမုံ)



တပို့တွဲ သို့မဟုတ် ဩဝါဒပါတိမောက်

ဝိသဇ္ဇက (ပဲခူး)

မြောက်လေသွေး၍ ချမ်းအေးလှသော တပို့တွဲလသည် ဆောင်းလေးလတွင် အအေးဆုံးလဖြစ်သောကြောင့် "မာတင်ပြောင် အစွယ်နူးအောင်ပ၊ ထူးတဲ့အစိမ့်"ဟူ၍ ဆင်ပြောင်ကြီး၏ အစွယ်ပင် နူးလောက်အောင်တင်စားဆိုခဲ့ကြပါသည်။ "ရာသီမှာသ၊ သည်ကာလကို ချမ်းမြတုန်အေး၊ မြောက်လေသွေး၍၊ စက်ထွေးမလုံ၊ ဖော်မစုံသည်၊ ရွှေပုံရုပ်ဟန်ကဲ့သို့လေး"ဟု ဖော်မစုံသူတို့၏ ငိုချင်းအဖြစ်လည်း ဖွဲ့ဆိုကြပါသည်။

"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟူ၍လည်း ရာသီပွဲတော်နှင့် ပွင့်လေ့ရှိသောပန်းတို့ကို စာဆိုများက မှတ်တမ်းတင်ခဲ့သည်။ ထို့ကြောင့် ပေါက်၊ လဲ၊ လက်ပံနှင့် ဆူးပန်းတို့ ပွင့်ကြသောလ ဖြစ်သည်။

ဤလတွင် မာဃနက္ခတ်နှင့်ယှဉ်၍ လပြည့်သည်။ သရဝဏ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ ရာဇမတ္တဏ်ကျမ်းတွင် "ကုံရာသီ၏အရုပ်ကား ယောကျ်ား၏ ပခုံး၌၊ ရေမရှိသော နံ့သာရေဖြင့် ပြည့်သော အိုးရုပ်တည်း"ဟူ၍ လည်းကောင်း၊ ဇောတိတက္ကကျမ်းတွင် "ကုမ္ဘော ကုံရာသီကား ယဋ္ဌိ အိုးထမ်းသော ယောကျ်ားသဏ္ဌာန်ရှိ၏"ဟူ၍လည်းကောင်း လာရှိသည်။ ယင်းကုမ္ဘပါဠိမှ ဘ-အက္ခရာကိုချေ၍ မြန်မာဘာသာ ကုံရာသီဟု ခေါ်ဆိုသည်။ အိုးထမ်းသော ယောကျ်ားသဏ္ဌာန်သဘောနှင့် တူသောရာသီဟု မှတ်ယူရ၏။ ထိုရာသီကို ဆွဲ၍ တပို့တွဲလဟု မြန်မာဘာသာခေါ်ကြသည်မှာ အမရကောသအဘိဓာန်ကျမ်းတွင် "တပါပူပန်စရာဖြစ်သောလ၊ အယံ၊ ဤတပါသဒ္ဒါသည် မာဃေ၊ တပို့တွဲလ၌ ဘဝတိဖြစ်၏"ဟု ဆိုပါသည်။

တပို့တွဲလကို ကျောက်စာအရေးအသား၌ တပိုဝ်တွယ်၊ တပိုဝ်တွဲဟု ရေးသားလေ့ရှိသည်။ အချို့ ကျောက်စာများတွင် တပိုတွဲဟု ရေးသည်။ တပိုမှ ထဖိုဖြစ်၍ ထန်းဖိုပင်ဟု ဆိုလိုဟန်ရှိသည်။ တွဲမှာ တွဲလျားကျသည်။ တွဲစေသည်။ ဤလတွင် ဖူးကြွသီးကြသော ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ တွဲလျားကျအောင် နင်းပေးရသည်။ ယင်းကို အစွဲပြု၍ တပိုတွဲလဟု အဆိုရှိကြပြန်သည်။

ဤလတွင် မီးပုံပွဲ၊ ယာဂုပွဲ ဆင်ယင်ကျင်းပကြပါသည်။ ပါတော်မူပြီးနောက်တွင် ယာဂုထမနဲထိုးသည့် အလေ့အထ ခေတ်စားလာကြောင်းကို "ကုံရာသီတပို့တွဲလမို့ လွဲရှာပေ့ါ နေနှစ်ဆူ၊ ပွဲယာဂုလှူ၊ ဗုဒ္ဓဂူ၊ အလှူတော်ယာဂုပွဲနှင့် လွဲပြီဗျလေး" စာဆိုတစ်ဦး၏ ဆယ့်နှစ်လရာသီဘွဲ့တွင် စပ်ဆိုထားသည်ကို ဖတ်ရှုရသည်။

တပို့တွဲလတွင် ထမနဲထိုးသောဓလေ့မှာ ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်နှင့်အညီ ထွန်းကားလျက်ရှိပါသည်။ ထမနဲကို ယာဂုဟု ဆိုသည်။ အချို့ကလည်း ယာဂုကို ဆန်ပြုတ်ဟု အနက်ထုတ်၏။ ယာဂုသည် ပါဠိစကားဖြစ်၍ ထမနဲသည် မြန်မာစကားဖြစ်သည်ကို "အများမတူသပ၊ သာဓုပွဲဟာမို့၊ ယာဂုထမနဲထိုးချိန်အခါကျမှ" ဟူ၍ လည်းကောင်း၊ "ယာဂုထမနဲ၊ အိုးကြီး ကွဲကာမှ စွန့်ကြသည့် ဒါနလည်း" ဟူ၍ လည်းကောင်း ဦးပုညက မေတ္တာစာဖြင့် ဖွဲ့ဆိုခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဤလတွင် ပေါ်ဦးပေါ်ဖျား ကောက်ညှင်းဆန်ဖြင့် ထမနဲထိုး၍ လှူဒါန်းသည့် ပွဲတော်ကား သဘာဝကျလှ၏။ အေးလွန်းသောကြောင့် အဆီများခန်းခြောက်တတ်သည့် ဤလတွင် ထမနဲကို စားသုံးခြင်းဖြင့် အသားရေစိုပြည်၏။ ကိုယ်ငွေ့ကောင်းတတ်၏။ ဤလအချိန်အခါတွင် ထမနဲကို စားသုံးထားပါက မိုးဦးကျအခါ ဝမ်းရောဂါမဖြစ်နိုင်ဟု ယုံကြည်လက်ခံထားသူများရှိ၏။ ချင်း၊ နှမ်း၊ နှမ်းဆီ၊ အုန်းသီး စသည့် ပူကနဲပွင့်စေသော အာဟာရများနှင့် ကောက်ညှင်းတို့ တွဲဖက်စားသုံးခြင်းဖြင့် ဤရာသီ၌ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်၍ အလွန်သင့်မြတ်လှပါသည်။ မဟာနရီကွန်ချာ ဆေးကျမ်း၌လည်း ပထဝီပျက်သူများ ထမနဲစားသင့်သည်ဟု ဆိုပါသည်။

တပို့တွဲလသည် ဆောင်းရာသီ၏ စတုတ္ထမြောက် အန္တိမရာသီဖြစ်ပါသည်။ ရတုခြောက်ပါးတွင် သိသိရ ရတုတွင် ပါဝင်ပါသည်။ "နွေရာသီဟု ဓာတ်ညီတက်ရှောင်း မိုးနှင့်ဆောင်းမူ၊ ဓာတ်သက်ဟူ၏" နရသုခိကျမ်းဆရာက ဖော်ပြထားပါသည်။

ရာသီဆယ့်နှစ်ပါးတွင် ပြာသိုလမှ ဝါဆိုလအထိ "တက်ဥတု"၊ ဝါဆိုလမှ ပြာသိုလအထိ "သက်ဥတု" ခွဲထားပါသည်။ တက်ဥတုခြောက်လတွင် လူတို့သည် တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ် လွန်ကဲသည်။ ပင်ပန်းနွမ်းလျ အားအင်တို့ ကုန်ခန်းကြ၏။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ် လွန်ကဲသည်။ အားအင်တို့ ပြည့်ဖြိုးကြကုန်၏။

ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် တက်ဥတုတွင် ပါဝင်သည်။ တက်ဥတု၊ သက်ဥတုနှစ်ပါးတွင် ထူးထူးခြားခြားအနေဖြင့် အာဟာရနှင့် ပတ်သက်သော တန်ခူးလတွင် သင်္ကြန်ထမင်း၊ တန်ဆောင်မုန်းတွင် မဲဇလီဖူးဟင်း၊ တပို့တွဲလတွင် ထမနဲပွဲတော်များကို ပြုလုပ်ကြရာ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီစာ အာကာသဓာတ်စာဖြစ်စေသော ထမနဲထိုးပွဲသည် လိုက်လျောညီထွေ ရှိလှပါ၏။

ထမနဲထိုးနည်းသည် အမျိုးမျိုးရှိခဲ့ပါသည်။ မိမိတို့ကြိုက်နှစ်သက်ရာနည်းများဖြင့် ထိုးကြပါသည်။ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီး၏ ကဗျာပေါင်းချုပ်ကျမ်းကြီး စာမျက်နှာ (၂၉၆)တွင် ထမနဲထိုးနည်း ပါရှိသည်။ ထမနဲထိုးနည်းနိဿရည်းဟု ဆိုသင့်လှသော ဆရာတော်ကြီး၏ ထမနဲထိုးနည်းမှာ-

"တစ်စိတ်ဆန်သည် ကောက်ညှင်းရယ်နှင့်၊ တစ်ပိဿာဆီ အမှန်သွင်းပါလို့၊ ချင်းကသုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အတူဖက်ပါလို့၊ နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ပ ထည့်ရိုး၊ လက်နှစ် သစ်သာပ၊ တွက်စစ်ကာ ဆားချိန်တစ်ဆယ်သားရယ်နှင့်၊ ရောနှောကာ လူအများတို့ရယ်၊ အားသစ်လို့ထိုး" ဤနည်းဖြင့် ထမနဲထိုးပါက စားကောင်းခြင်း၊ တာရှည်ခံခြင်း၊ ဆေးဖက်ဝင်ခြင်းတို့နှင့် ပြည့်စုံစေပါသည်။

ဤတပို့တွဲလသည် "ပူဇော်မီးပုံး၊ ရွှင်ပြုံးရဲလျှံ" ဟူ၍ စာဆိုတို့က ဖွဲ့ဆိုခဲ့သည့် အလျောက် ဘုရားသခင်လက်ထက်က မီးပုံးပွဲဟူ၍ ရှိခဲ့ပေသည်။ ယခုအခါ မီးအိုးကင်း၊ မီးမယ်ဖျူး စသည်ဖြင့် မြန်မာပြန်ကြပါသည်။ ပုဂံမင်စာတို့တွင် မီးဖုံးဟု ပြန်ဆိုသည်ကို တွေ့ရပါသည်။

တပို့တွဲလ၏ အအေးဓာတ်လွန်ကဲမှုကြောင့် ဘုရားရှင်သော်မှ မီးလင်းဖို (မီးမယ်ဖျူး) တွင် ရွှေလက်တော်များ ကင်၍ နွေးစေရကြောင်းကို "ရွှေယုဂန်နန်းညိုမြကာ၊ စန်းခိုစလျံလူ၊ ချမ်းဆိုသမျှ စံမတူသည်၊ သယမ္ဘူသော်မှ မီးမယ်ဖျူး၊ ရွှေလက်ကင်သည် ရေစက်သွင်အေးတဲ့သည်လ"ဟု စာဆိုတော် ဦးကြော့က ဖွဲ့ဆိုထားပါသည်။

ဘုရားရှင်သည် မီးလှုံခြင်းကို ခွင့်ပြုတော်မမူပါ။ မီးလှုံခြင်း၏ အပြစ်ငါးပါးကိုပင် ပဥ္စင်္ဂုတ္တရ ပါဠိတော်၌ ဟောကြားတော်မူခဲ့ပါသည်။ သို့ရာတွင် သက်ကြီးရွယ်အိုကလေးသူငယ်များအတွက် အအေးဒဏ်ခံနိုင်ရန် ဆောင်းနှောင်းနွေကူးရာသီတွင် မီးအပူအငွေ့ကို ပေးနိုင်ရန်အတွက် တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလဆန်းအစလေးရက် ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း အဋ္ဌကထာ ဆရာတို့က ဖွင့်ဆိုပါသည်။

ညီတော် အာနန္ဒာသည် ဘုရားရှင်အား ဒုကုဋ်သင်္ကန်းကို တစ်ခုသော တပို့တွဲလပြည့်နေ့၏ ညဥ့်နှစ်ချက်တီးကျော်အချိန်တွင် လွှမ်းတင်ပေးတော်မူခဲ့ရသည်ဟု ကျမ်းဂန်များ၌ ဆို၏။ ဤသည်ကို အစွဲပြု၍ ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ စေတီ၊ ပုထိုးများရှေ့၌ စန္ဒကူးအကျော်နံ့သာ စသည်တို့ကို မီးရှို့၍ အနွေးဓာတ် ဆက်ကပ်လှူဒါန်းလေ့ရှိ၏။ တစ်နည်းအားဖြင့် မီးပုံးပွဲတော်ဟူ၍ ရှေးရှေးက တပို့တွဲလတွင် ပူဇော်ကြမြဲ ပွဲတော်ဖြစ်ခဲ့သည်။

တပို့တွဲလ၏ ထူးကဲသည့် လက္ခဏာတစ်ရပ်ကို-

"ချမ်းချက်လွန်ကဲ၊ တပို့တွဲဟု၊ မြူရှုံရောပ၊ ပြည့်သည့်လဝယ်၊ ပွဲမအရုံ၊ လုံးစုံသံဃာ၊ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်း" ဟူ၍ ကိုးခန်းပျို့တွင် ရှင်မဟာရဋ္ဌသာရအရှင်မြတ်က ဖွဲ့ဆိုခဲ့ပါသည်။

ဘုရားရှင်တို့ ဓမ္မာသုံးဆယ်ရှိကြောင်းကို ကျမ်းဂန်များတွင် ရှေးဆရာတို့က ပြဆိုထားပါသည်။ ထိုဓမ္မာသုံးဆယ်တွင် ဓမ္မတာတစ်ရပ်မှာ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို အင်္ဂါလေးရပ်နှင့် ပြည့်စုံသော အစည်းအဝေး၌သာ ဟောတော်မူလေ့ရှိခြင်း ဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခု တပို့တွဲလပြည့်နေ့ ညဥ့်ဦးယံအခါတွင် ဖြစ်သည်။ မြတ်ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ကိုးလတင်းတင်းပြည့်မြောက်သည့် လမြတ်အခါတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးတွင် ဩဝါဒပါတိမောက်ကို ဟောကြားပါသည်။ မြတ်ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်နှင့် အရိယာရဟန္တာမြတ် တစ်ထောင့်နှစ်ရာငါးကျိပ်တို့ခြံရံ၍ ဥရုဝေလကဿပစသည့် ရသေ့ညီနောင် ရှင်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များ စုံလင်စွာ ခစားလျက်ရှိစဉ် ပထမဆုံးအချိန် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ထိုရက် ထိုအခါသည် တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခု အရှင်မြတ်များဖြစ်ခြင်း၊ ဆဠာဘိည ပဋိသမ္ဘိဒါ ရဟန္တာများဖြစ်ခြင်း၊ မည်သည့်မျှ ပင့်ဖိတ်သူမရှိဘဲ အစုံအလင်ကြွရောက်စုဝေးမိခြင်းဟူသော လေးပါးသော အင်္ဂါရပ်များနှင့် ပြည့်စုံနေပါသည်။

ဤဩဝါဒပါတိမောက်တော်ကို သက်တော်ရှည် မြတ်စွာဘုရားရှင်သည် အသက်ထက်ဆုံး သံဃာအား ဟောကြားဆုံးမတော်မူကြပါသည်။ သက်တော်တို မြတ်စွာဘုရားများမှာ ပထမဗောဓိဟူသော ဝါတော် ၂၀ အတွင်းမှာသာ ဟောကြားဆုံးမတော်မူကြပါသည်။

ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ သိခီမြတ်စွာဘုရားသည် ခြောက်နှစ်တစ်ကြိမ်၊ ဝေဿဘူမြတ်စွာဘုရားရှင်သည်လည်း ခြောက်နှစ်တစ်ကြိမ်၊ ကကုသန်မြတ်စွာဘုရားနှင့် ကောဏာဂုံမြတ်စွာဘုရားတို့သည် တစ်နှစ်တစ်ကြိမ်၊ ဩဝါဒပါတိမောက်ဖြင့် သံဃာများအား ဩဝါဒပေး ဆုံးမတော်မူခဲ့ပါသည်။ ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ် ပြသဆုံးမတော်မူပါသည်။

ဂေါတမမြတ်စွာဘုရားကဲ့သို့သော သက်တော်တိုသည့် မြတ်စွာဘုရားတို့သည် ၁၅ ရက်တစ်ကြိမ် လပြည့်လကွယ်နေ့တိုင်း ဝါတော် ၂၀ အတွင်းမှာ ဩဝါဒပါတိမောက်ဖြင့် သံဃာတော်များအား ဆုံးမတော်မူပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ တွင် ပထမဗောဓိအတွင်း၌ ဩဝါဒပါတိမောက်ဖြင့် ရဟန်းတို့အား ဆုံးမဩဝါဒပေးတော်မူပါသည်။

ဝါတော် ၂၀ နောက်ပိုင်း ဒုတိယဗောဓိသို့ ရောက်သောအခါ မည်သည့်ပါတိမောက်ကိုမျှ မဟောကြားပါ။ တပည့်ရဟန်းတို့အား အာဏာပါတိမောက်ကိုသာ လခွဲတစ်ကြိမ် ဟောကြားတော်မူခဲ့ပါသည်။

ဩဝါဒပါတိမောက္ခဒေသနာ

၁။ ခန္တီပရမံ တပေါတိ တိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

လွန်စွာ ချုပ်တည်းမှုဟူသော သည်းခံခြင်းသည် သူတော်ကောင်းတို့၏ အကျင့်ပေတည်း။

နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောတော်မူပေ၏။

သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သည် မဟုတ်။

သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှုကို ငြိမ်းစေသူမဟုတ်ပါ။

၂။ သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။
မကောင်းမှုဟူသမျှကို မပြုလုပ်ရာ။
ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏။
မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။

၃။ အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံဗုဒ္ဓါန သာသနံ။
သူတစ်ပါးကို မစွပ်စွဲ မပြစ်မှားရာ။
သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ရာ။
မြတ်သောသီလ၌ စောင့်စည်းလုံခြုံရာ၏။
စားသုံးဖွယ်ရာ၌ ပမာဏကို သိရာ၏။
အစွန်အဖျား ဆိတ်ငြိမ်ရာ၌ နေရာ၏။
ထူးမြတ်သောစိတ်၌ အမြဲကြိုးကုတ် အားထုတ်ရာ၏။
ဤသည်ကား မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲလပြည့်နေ့က အဆုံးအမတရားတို့ ဖြစ်ပါ၏။

ဤအဆုံးအမ တရားတော်တို့သည်ကား ထူးကဲသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံသော သာသနာ့သမိုင်းဝင်ဖြစ်သည်။ ပွင့်တော်မူပြီး မြတ်ဘုရားရှင်တို့သည် ဆင်းရဲခြင်းကင်းဝေးရာမှန် အမြတ်ဆုံးသော ချမ်းသာခြင်းအစစ်သို့ ရောက်ရှိစေလိုသောဆန္ဒဖြင့် ဩဝါဒပါတိမောက်ဒေသနာနှင့် အစရှိသော အဆုံးအမတော်တို့ကို ဟောကြားတော်မူခဲ့ပါ၏။ မကောင်းမှုကို မပြုကြဘဲ ကောင်းမှုကို ပြုခြင်းဖြင့် စိတ်ကိုဖြူစင်အောင် ထားကြရပေမည်။ သို့မှသာ စိတ်၏အညစ်အကြေးကို နှင်ထုတ်ရာကျပြီး မကောင်းမှုမှ ငြိမ်းစေမည့်သူဖြစ်ကာ သူတော်ကောင်းတို့၏အကျင့် ဖြစ်စေမည်။ သာသနာ့သမိုင်းတွင် ပွင့်တော်မူပြီးသော မြတ်ဘုရားရှင်တို့ လက်မလွှတ်သည့် ဩဝါဒပါတိမောက်ဒေသနာသည် တပို့တွဲလ၌ ဖြစ်ပေါ်သော ထူးကဲသည့် သာသနာ့ဝံသစာတမ်း ဖြစ်ပေသတည်း။ ။

ရထားအန္တရာယ် သတိပြုဖွယ်

အင်းတော် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက် အုန်းဒုတ်ရွာနှင့် မော်လူးရပ်ကွက်ရထားလမ်းကူးတွင် မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ၂၄ နာရီမပြတ် သွားလာဖြတ်သန်းနေသဖြင့် အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မောင်းတံဂိတ် အမြဲရှိစေရေး ဆောင်ရွက်သင့်ကြောင်း သိရသည်။ အောက်ပုံတွင် မောင်းတံဂိတ်မရှိဘဲ ရထားလာချိန်တွင် လူ၊ ကျွဲ၊ နွားတို့ ဖြတ်သန်းရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။

(၆၈၅)

ဗဟိုစံပြငါးဈေး မီးဘေးကြိုတင်ကာကွယ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်အနောက်ရပ်ကွက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗဟိုစံပြငါးဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါ ဈေး၌ ကျင်းပရာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း ဦးဆောင်သည့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် မန်ကျည်းတန်းမြောက်အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပါဝင်သော မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

ဇေယျာရွှေမြေအသင်း အိမ်ကွင်း၌ နိုင်ပွဲရပြီး နောက်ကျဂိုးဖြင့် ရန်ကုန်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၅) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မုံရွာကွင်း၊ YUSC ကွင်း၊ ပဒုမ္မာကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပခဲ့သည်။

(မုံရွာကွင်း)
ဇေယျာရွှေမြေ-နှစ်ဂိုး
(ဆာဆာနှင့် မာတင်)
ဟံသာဝတီယူနိုက်တက်-ဂိုးမရှိ

ဟံသာဝတီကို ဂိုးပြတ်အနိုင်ယူပြီး ဇေယျာရွှေမြေတို့ အိမ်ကွင်းတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ အိမ်ကွင်းတွင် နိုင်ပွဲပြန်လည်ရရှိရန်အတွက် ကျော်ကိုကို၊ ဆာဆာ၊ ဇော်လင်းထွန်းတို့ဖြင့် လူစုံထုတ်ကစားခဲ့သော်လည်း ဟံသာဝတီက ခပ်မာမာ တုံ့ပြန်ကစားခဲ့ရာ အနိုင်ရရှိရေး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ဟံသာဝတီအသင်း ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ဇေယျာရွှေမြေ ကံကောင်းသွားရသည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးများကို ၃၄ မိနစ်တွင် ဆာဆာနှင့် ၆၁ မိနစ်တွင် မာတင်တို့က သွင်းယူခဲ့သည်။

(YUSC ကွင်း)
ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး
(ရန်အောင်ကျော်နှင့် မီလန်)
မကွေးF.C-တစ်ဂိုး
(ကိုကိုနိုင်)
(ပဒုမ္မာကွင်း)
ရောဝတီယူနိုက်တက် - နှစ်ဂိုး
(ဂျူပီတာ)
နေပြည်တော်-တစ်ဂိုး
(လီအန်ဒရို)
(အောင်ဆန်းကွင်း)
မနောမြေ-သုံးဂိုး
(မန်ဆာ၊ စံမျိုးဦးနှင့် အက်စလေ)
ရက္ခပူရယူနိုက်တက်-တစ်ဂိုး
(အဲလက်စ်)
ယနေ့ပွဲ
(ပဒုမ္မာကွင်း) မောရဝတီ-ကမ္ဘောဇ
(အောင်ဆန်းကွင်း) ဇွဲကပင်-ရတနာပုံ
(YUSCကွင်း) ချင်း-Southern

သတင်းမှတ်စု-ရှိုင်းထက်ဇော်

ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်မှန်းချက် အောင်မြင်စွာဆောင်ရွက်နိုင်ရေး နည်းလမ်းရှာဖွေ

ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာ၊ ဝါသနာပါသော ဒေသခံလူငယ်လူရွယ်များအား ခေါ်ယူသင်တန်းပေး

ကျန်းမာရေးဝန်ထမ်းများသည် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများအတိုင်း တိတိကျကျလိုက်နာကျင့်သုံး ပြုစုကုသ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(စင်းခန်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးလိုက်ပါလျက် ကသာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းရှိ ကွန်ပျူတာခန်း၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ကွန်ပျူတာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ Computer Aided Instruction Room၊ Audio Visual Room၊ ရူပဗေဒလက်တွေ့ခန်းနှင့် နဝမတန်းစာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား နှုတ်ဆက် အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများ ပညာရည်တိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်း၊ ရွှေတောင်ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးအောင်မင်းသိန်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမြတ်ချိုဝင်း၊ သော်တာဝင်းကုမ္ပဏီမှ ဦးနေဝင်းကျော်နှင့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က ကသာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့အတွက် တစ်ကျောင်းလျှင် ကျောင်းရန်ပုံငွေကျပ်သိန်း ၅၀ စီနှင့် ကွန်ပျူတာ ၁၀ လုံးစီ ဝယ်ယူရန်အတွက် ငွေကျပ် သိန်း ၅၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းကြပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်က ကျောင်းနှစ်ကျောင်းအတွက် ရုပ်သံဖမ်းစက်တစ်စုံစီကို လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကသာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကသာမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အင်တာနက်သတင်း

အန္တာတိကဒေသမှ ရုရှားသိပ္ပံပညာရှင်များ လုပ်ဖော်ကိုင်ဖက်များနှင့် ခြောက်ရက်ကြာမျှ အဆက်အသွယ်ပြတ်တောက်လျက်ရှိ

မော်စကို ဖေဖော်ဝါရီ ၅

အန္တာတိကဒေသ၌ သုတေသနလုပ်ငန်းတစ်ရပ် လုပ်ဆောင်နေစဉ် လုပ်ဖော်ကိုင်ဖက် အမေရိကန်သိပ္ပံပညာရှင်များနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရသော ရုရှားသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့၏ ရှေ့ရေးကို ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များက ရင်တမမဖြင့် စောင့်ကြည့်နေကြကြောင်း ဖေဖော်ဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ အာတိတ်နှင့် အန္တာတိကသုတေသနဌာနမှ သိပ္ပံပညာရှင်များသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၀ ခန့်က အန္တာတိကရေခဲပြင်အောက် နစ်မြုပ်ခဲ့ရသည့် ရေအိုင်ကြီး တစ်ခုကို ဖော်ထုတ်ရန် တူးဖော်မှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဗော့စတော့ရေအိုင်ဟူ၍ အမည်ပေးထားသည့် အဆိုပါရေအိုင်ကြီးသည် ရေခဲပြင်များ အောက် ပေ ၁၃၀၀၀ အနက်၌ နစ်မြုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အန္တာတိကဒေသ၌ နွေရာသီကုန်ဆုံး၍ ဆောင်းရာသီဝင်ရောက်တော့မည်ဖြစ်ရာ ရုရှားသိပ္ပံပညာရှင်များအနေဖြင့် ၎င်းတို့၏ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✻



အန္တာတိကဒေသ ရေခဲပြင်အောက်၌ နစ်မြုပ်နေသော ဗော့စတော့ ရေအိုင်ကို တူးဖော်ရာမှ ထွက်ပေါ်လာသော ရေခဲလွှာနမူနာများကို ထုပ်ပိုးထားစဉ်။

၂၀၁၀ ခုနှစ်အတွက် အကယ်ဒမီဆုချီးမြှင့်သည့် အခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ နေပြည်တော်မြန်မာ့အသံ၊ MRTV-4 Channel၊ Myanmar International Channel နှင့် Skynet Up to Date Channel တို့မှ ယင်းနေ့ ညနေ ၅ နာရီမှစတင်ပြီး တိုက်ရိုက် (Live)ထုတ်လွှင့်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာအနုပညာရပ်ဝန်း

Roly-Poly ကို ဂျပန်တွင် အရောင်းမြှင့်တင်ရေးပြုလုပ်မည့် T-ara

ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့**(ယာပုံ)** T-ara က ၎င်းတို့၏ တတိယမြောက် ဂျပန်တေးသီချင်းအယ်လ်ဘမ် Roly-Poly ကို မကြာမီ ဂျပန်နိုင်ငံတွင် အရောင်းမြှင့်တင်ရေးပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီ Core Contents Media က ထုတ်ပြန်ကြေညာသည်။

T-ara ဂီတအဖွဲ့သည် Roly-Poly တေးသီချင်းအယ်လ်ဘမ်ကို ထုတ်လုပ်ဖြန့်ချိပြီး တစ်လအကြာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ဂျပန်နိုင်ငံ၌ အရောင်းမြှင့်တင်ရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကိုရီးယားတွင် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❐